ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ကဆုန်လဆန်း ၁၂ရက်၊ ကြာသပတေးနေ့၊ (19-5-2005)(၄၆၀၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

ရန်ကုန် မေ ၁၈

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနေသဟာယနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ရောဘတ်ဂျိုးဇက်(ဖ်)ဒေးဗစ်(စ်)သည် ယနေ့ နံနက် ၁၀ နာရီတွင် ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနေသဟာယနိုင်ငံ သံအမတ်ကြီး မစ္စတာ ရောဘတ်ဂျိုးဇက်(ဖ်)ဒေးဗစ်(စ်)အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)



သံအမတ် ခန့်အပ်လွှာ ပေးအပ်

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနေသဟာယနိုင်ငံ သံအမတ်ကြီး မစ္စတာ ရောဘတ်ဂျိုးဇက်(ဖ်)ဒေးဗစ်(စ်)က ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ သံအမတ်ခန့်အပ်လွှာ ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၉-၅-၂၀၀၅
(ကြာသပတေးနေ့)

စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေးအကျိုးပြု ရေအရင်းအမြစ်များ အကျိုးရှိရှိအသုံးပြုဆောင်ရွက်

နိုင်ငံတော်အစိုးရက စီးပွားရေး၏အခြေခံ လယ်ယာကဏ္ဍထုတ်လုပ်မှု တိုးတက်စေရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေဖူလုံစွာ ရရှိရေးနှင့် ဒေသအလိုက် စိမ်းလန်းစိုပြည်ရေးတို့အတွက် ဆည်တမံများ၊ မြစ်ရေတင်စီမံကိန်းများကို စဉ်ဆက်မပြတ် တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိနေပေသည်။

အထူးသဖြင့် ပူပြင်းခြောက်သွေ့သော ဒေသများတွင်ဆည်တမံကြီးများနှင့် ရေလွှဲဆည်များ၊ ရေလှောင်တမံငယ်များစွာကိုလည်း အရှိန်အဟုန်ဖြင့်တည်ဆောက်ပေးနေကြောင်း တွေ့ရသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း ခရီးစဉ်အတွင်း မေလ ၁၁ ရက်နှင့် ၁၂ ရက်နေ့များက မြစ်သားမြို့နယ် အတွင်းရှိ ချည်မျှင်ရှည်ဝါ မျိုးသန့်စိုက်ပျိုးရေးဇုန်၊ မိတ္ထီလာမြို့နယ် ညောင်ကုန်းရေလှောင်တမံ၊ လက်ခုပ်ပင်ရေလှောင်တမံ၊ ချောင်းကောက် ရေလှောင်တမံ၊ သစ်တပ်ကုန်း ရေလွှဲဆည်နှင့် မြို့ကြီးရေလှောင်တမံ တည်ဆောက်ရေး လုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

နိုင်ငံတော်က ဒေသအလိုက် ဆည်တမံများကို တည်ဆောက်ပေးလျက်ရှိရာ ယခင်ကာလများက မိုးရွာသွန်းမှုကိုသာ မျှော်ကိုးစိုက်ပျိုးရသောဒေသများတွင် သီးနှံများအောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိကြောင်း တွေ့ရသည်။ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်တွင် ၂၀၀၅-၂၀၀၆ ခုနှစ်၌ မိုးကြိုချည်မျှင်ရှည်ဝါဧက ၁၃၅၀၀ စိုက်ပျိုးရန်လျာထားရာ ၁၃၅၄၇ ဧက စိုက်ပျိုးပြီးဖြစ်သည်။

ကျောက်ဆည်ခရိုင် သစ်တပ်ကုန်းဆည်ရေသောက်ဧရိယာအတွင်း နှမ်းစပါးအပါအဝင် နွေသီးနှံများ စိုက်ပျိုးအောင်မြင်လျက်ရှိသည်။ သစ်တပ်ကုန်းရေလွှဲဆည်သည် ယခင်က ဧက ၅၀၀၀ သာလျာထားစိုက်ပျိုးခဲ့ရာမှ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ သီးနှံစိုက်ဧက ၆၀၀၀ တိုးချဲ့ပြီး စုစုပေါင်းစိုက်ဧက တစ်သောင်းကျော် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေ ပေးဝေလျက်ရှိကြောင်း သိရသည်။

မိတ္ထီလာခရိုင် ရေရရှိရေးနှင့် မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေး အတွက် မြို့ကြီးရေလှောင်တမံနှင့် ညောင်ကုန်း ရေလှောင်တမံတို့ကိုလည်း အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသည်။ မြို့ကြီးရေလှောင်တမံသည် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးစီမံကိန်း၏ လုပ်ငန်းတစ်ခုဖြစ်ပြီး နောင်သားစဉ်မြေးဆက် ရေရှည်အကျိုးဖြစ်ထွန်းမှုရရှိစေမည်ဖြစ်သည်။

ယခုအခါ တည်ဆောက်ဆဲ ဆည်တမံတည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တည်ဆောက်လျက်ရှိသကဲ့သို့ လွန်းငင်ရေလှောင်တမံနှင့် လက်ခုပ်ပင်ရေလှောင်တမံတို့ ဆက်သွယ်မည့် အရှည်ပေ ၅၄၀၀ ရှိ ဆက်သွယ်မြောင်းနှင့် ချောင်းကောက် ရေလှောင်တမံနှင့် လွန်းငင်ရေလှောင်တမံတို့ကို ဆက်သွယ်ပေးမည့် အရှည်ပေ ၅၀၀၀ ရှိ ဆက်သွယ်မြောင်းတို့ကို စက်ယန္တရားကြီးများဖြင့် တူးဖော်လုပ်ကိုင်လျက်ရှိသည်။

နိုင်ငံတော်က ဒေသအလိုက် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရေရရှိရေးအစီအမံများကို ဘဏ္ဍာငွေမြောက်မြားစွာ အကုန်အကျခံ၍ တည်ဆောက်ပေးလျက်ရှိရာ ဒေသခံတောင်သူလယ်သမားများကလည်း သီးနှံစိုက်ဧကများ တိုးချဲ့စိုက်ပျိုးရေး၊ တစ်ဧကအထွက်ကောင်း သီးနှံမျိုးများ အသုံးပြုစိုက်ပျိုးရေး၊ ဒေသနှင့် ကိုက်ညီဖြစ်ထွန်းသည့် သီးနှံများ သီးထပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

နိုင်ငံတော်က ယခုကဲ့သို့ဆည်တမံစီမံကိန်းပေါင်းများစွာကို နိုင်ငံတစ်ဝန်း အကောင်အထည်ဖော်တည်ဆောက်ပေးနေခြင်းသည် စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှုမြင့်မားရေးအတွက် အကျိုးပြုရုံမျှမက ဒေသစိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကိုလည်း အထောက်အကူပြုလျက်ရှိသည်။ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းသည် အဆိုပါ စီမံကိန်းများတွင် တစ်ခုအပါအဝင်ဖြစ်ရာ သက်ဆိုင်ရာဌာနအလိုက် စံချိန်စံညွှန်းမီ ပြီးစီးရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်က ယခုကဲ့သို့ မျက်မှောက်ကာလ အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက်သာမက နောင်သားစဉ်မြေးဆက်အကျိုးခံစားရရှိစေမည့် အမွေကောင်း ရလဒ်ကောင်းများကို ဖြည့်ဆည်းပေးလျက်ရှိသည်နှင့်အညီ ဒေသခံပြည်သူများအနေဖြင့် ပေါ်ထွန်းလာသည့် ရေအရင်းအမြစ်များကို အကျိုးရှိရှိအသုံးပြုပြီး သီးနှံစိုက်စွမ်းအား တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မူဆယ်ခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၈

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်သည် မေ ၁၃ ရက် နံနက်ပိုင်းက မူဆယ်ခရိုင် တာမိုးညဲမြို့နယ် မုံးစီးကျေးရွာအဝင်ရှိ ဒေသခံတောင်သူဦးအောင်မြတ်၊ ဦးအိုက်ချူ၊ ဦးလိုင်ခမ်းဆိုင်၊ ဦးဆာထွန်း၊ ဦးခါပေါ်တို့က တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားသော အထူးအထွက်တိုး ဆင်းရှေလီ နွေစပါး ဧက ၁၂၀ စိုက်ခင်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့်တိုင်းမှူးသည်ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါးလမ်း မိုင်တိုင်အမှတ်(၅၃/၀)မှ မိုင်တိုင် အမှတ်(၆၆/၀)အထိ ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် လမ်းတံတားကြံ့ခိုင် ကောင်းမွန်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းမှူးသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၉)၏ သံလွင်မြစ်ကူးတံတား (တာပါး) တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တိုင်းမှူးအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရုံးချုပ်မှ အင်ဂျင်နီယာချုပ်(လမ်း) ဦးသန်းညွှန့်ဝင်း နှင့်တာဝန်ရှိသူများက ပင်မတံတားတည်ဆောက်ပြီးစီးမှု၊ ချဉ်းကပ်လမ်းများ ကတ္တရာခင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးသည် တံတားတည်ဆောက်ရေးလုပ်ငန်းခွင်နှင့် ဖွင့်ပွဲအခမ်းအနားအတွက် မုခ်ဦးနှင့် မဏ္ဍပ်တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ တံတားကြီးသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်နှင့် လောက်ကိုင်ခရိုင်တို့အား ဆက်သွယ်ထားသည့် အတိုဆုံးလမ်းတစ်ခုဖြစ်ပြီး တံတား၏ အလျားပေ ၆၀၀၊ ယာဉ်သွားလမ်းအကျယ် ၁၆ ပေ လေးလက်မ၊ တံတားအမျိုး အစားမှာ သံမဏိသံပေါင်ကြိုးတံတား၊ သံကူကွန်ကရစ်ကြမ်းခင်း အမျိုးအစားဖြစ်ပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန် တန် ၆၀ ဖြစ်သည်။

(သတင်းစဉ်)

ကမ္ဘာ့သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ၊ ပညာပေးပြခန်းပြသ

ရန်ကုန် မေ ၁၈

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ကမ္ဘာ့သွေးတိုးရောဂါကာကွယ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကို မေ ၁၄ ရက် နံနက် ၉ နာရီခွဲက ဗဟန်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းရှိ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှဖေ၊ ညွှန်ကြားရေးမှူး (ကုသရေး)ဒေါက်တာတင်မင်း၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ကမ္ဘာ့ကျန်းမာရေး အဖွဲ့မှ ကိုယ်စားလှယ်များ၊ နှလုံးသွေးကြောရောဂါ ထိန်းသိမ်းရေးစီမံချက်မန်နေဂျာ ပါမောက္ခဒေါက်တာ ခင်မေစန်း၊ ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာန၊ တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်၊ ဒုတိယ တိုင်းကျန်းမာရေး ဦးစီးဌာနမှူးများ၊ အထူးကု ဆရာဝန်ကြီးများ၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးများ၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးများ၊ မြို့နယ်ကျန်းမာရေး တိုင်းအဆင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှဖေက အမှာစကား ပြောကြားပြီး နှလုံးသွေးကြောရောဂါ ထိန်းသိမ်းရေး စီမံချက်မန်နေဂျာ ပါမောက္ခ ဒေါက်တာ ဒေါ်ခင်မေစန်းက ကမ္ဘာ့သွေးတိုး ရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံနှင့် သွေးတိုးရောဂါဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးဆေးကုသဌာန နှလုံးအထူးကုဆရာဝန် ဒေါက်တာမြင့်စိုးဝင်းက သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းရေး အကြောင်းပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ လှဖေနှင့် ဧည့်သည်တော်များသည် ကမ္ဘာ့သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် သွေးတိုးရောဂါ ဝေဒနာရှင်လူနာ ၁၀၀ တို့အား သွေးပေါင်ချိန်၍ ဆေးများပေးခြင်းကို ကြည့်ရှုအားပေးကြသည်။

ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန၌ သွေးတိုးရောဂါကာကွယ် ထိန်းသိမ်းရေး အသိပညာပေးပြခန်းငယ်ကို ပြသထားသည်။ (သတင်းစဉ်)

ပုပ္ပား(၂)မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

ရန်ကုန် မေ ၁၈

မြောက်ဥက္ကလာပမြို့နယ်ည/ရပ်ကွက် ပုပ္ပား(၂) မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ကျောင်း၏ (၁၂၆)ကြိမ်မြောက် တရားစခန်းပွဲတွင်ဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ L.L.B)၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ဆရာတော် ဘဒ္ဒန္တ ဇာဂရ(ဓမ္မာစရိယ၊မဟာဓမ္မာစရိယ)တို့က ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားပြသမည်ဖြစ်ရာ ယောဂီများ မေ ၂၅ ရက် (ဗုဒ္ဓဟူးနေ့)ညနေအရောက်လာကြရန်နှင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၆၉၀၀၅၉ သို့ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၅-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၃၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၅	၇။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄း၅၅	၈။	မျိုးချစ်တပ်မတော်
၅း၀၅	၉။	**အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် – The Olympic Game. (ဒုတိယနှစ် အထူးပြုအားလုံး)**
၅း၃၅	၁၀။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။	နိုင်ငံတကာသတင်း
၆း၂၀	၁၄။	မိုးလေဝသသတင်း
၆း၂၅	၁၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅	၁၆။	**ထူးခြားသောကလေးငယ် ကာတွန်းဇာတ်လမ်း အပိုင်း(၄၉)**
၆း၅၀	၁၇။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၈။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကျောက်မဖြစ်တဲ့ နှလုံးသားရုပ်ကြွင်း" (အပိုင်း-၁၈)**
၈း၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။	မြဝတီရဲ့မြဝတီ
	၂၂။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်သူသူရဲကောင်း" (အပိုင်း-၉)**
	၂၄။	သင့်အတွက်မနက်ဖြန်
	၂၅။	အပိတ်နှုတ်ဆက်စကား
	၂၆။	ပြီးပါပြီ။

ရန်ကုန်မြို့ ကမာရွတ်(၂)ရပ်ကွက် မြကန်သာအိမ်ရာ တိုက်(၁၀) အခန်း(၄)နေ ဦးငွေးလွင်ထွန်း၏ (၄၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ သံတမန်ဆက်သွယ်မှု နှစ်(၃၀)ပြည့် နှစ်ပတ်လည်အခါသမယတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ သဝဏ်လွှာ အပြန်အလှန်ပေးပို့

သတင်းထုတ်ပြန်ချက်

၂၀၀၅ခုနှစ်၊ မေလ ၁၉ရက်နေ့တွင်ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ သံတမန်ဆက်သွယ်မှု နှစ် (၃၀)ပြည့်မြောက်သည့် နှစ်ပတ်လည်အခါသမယတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများအကြား အောက်ဖော်ပြပါ သဝဏ်လွှာများကို အပြန်အလှန် ပေးပို့ကြသည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှု နှစ် (၃၀)ပြည့်မြောက်သည့် အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဘန်ကီမွန်းထံသို့ ပေးပို့သည့်သဝဏ်လွှာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှု နှစ် (၃၀)ပြည့်မြောက်သည့် နှစ်ပတ်လည်အခါသမယတွင် အဆွေတော်ထံသို့ နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်း ပို့သအပ်ပါသည်။

နှစ်နိုင်ငံခေါင်းဆောင်ကြီးများ ကြိုးပမ်းအားထုတ်မှုများ၏ ရလဒ်ကြောင့် အနှစ် ၃၀ကာလအတွင်း မြန်မာနှင့် ကိုရီးယားနိုင်ငံအကြား ခိုင်မြဲစွာတည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် ပိုမိုတိုးတက်ခိုင်မာမှုရှိခဲ့သည်ကို ကျွန်ုပ်အနေဖြင့် ကျေနပ်အားရစွာ သတိပြုမိပါသည်။

မြန်မာနိုင်ငံအနေဖြင့် မြန်မာ-ကိုရီးယားနှစ်နိုင်ငံ ဆက်ဆံရေးကို အထူးအလေးထားပြီး ကိုရီးယားသမ္မတနိုင်ငံအား အာဆီယံ+၃ လုပ်ငန်းစဉ်တွင် အရေးပါသည့် မိတ်ဖက်နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြု ခံယူထားပါသည်။ ကျွန်ုပ်တို့၏ အမျိုးသားဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများတွင် ကိုရီးယားသမ္မတနိုင်ငံမှ စီးပွားရေးနှင့် နည်းပညာအကူအညီ အထောက်အပံ့များ ပေးအပ်သည့်အတွက် များစွာ ကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍများတွင် ကိုရီးယားသမ္မတနိုင်ငံ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကူညီထောက်ပံ့မှုများအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

နှစ်နိုင်ငံ စီးပွားရေးအဖွဲ့အစည်းများအကြား ထိတွေ့ဆက်ဆံမှု တိုးတက်လျက်ရှိသည်ကို ကျွန်ုပ်အနေဖြင့် အားရကျေနပ်စွာ တွေ့ရှိရပြီး လာမည့်နှစ်များတွင်လည်း ဆက်လက်တိုးတက်သွားမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို တိုးမြှင့်ဆောင်ရွက်ရာတွင် လည်းကောင်း၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရာတွင်လည်းကောင်း မြန်မာနိုင်ငံသည် ကိုရီးယားသမ္မတနိုင်ငံနှင့်အတူ လက်တွဲဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လာမည့်နှစ်များအတွင်းတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားခြင်းအားဖြင့်လည်းကောင်း၊ နှစ်ဖက်နားလည်မှု တိုးမြှင့်သွားခြင်းအားဖြင့်လည်းကောင်း နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မြဲစေနိုင်လိမ့်မည်ဟု ကျွန်ုပ်အနေဖြင့် အပြည့်အဝ ယုံကြည်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှု နှစ် (၃၀)ပြည့်မြောက်သည့် အခါသမယတွင် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဘန်ကီမွန်းထံမှ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ ပေးပို့သည့်သဝဏ်လွှာ

နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု နှစ် (၃၀)ပြည့်မြောက်သည့်၊ မင်္ဂလာရှိသည့် နှစ်ပတ်လည်အခါသမယတွင် ကိုရီးယားသမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများထံ လှိုက်လှဲချစ်ကြည်စွာ နှုတ်ခွန်းဆက်သလိုက်ပါသည်။

ကိုရီးယားသမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတို့သည် ပြည်ပမှယဉ်ကျေးမှု လွှမ်းမိုးလာခြင်းအပေါ် စိစစ်ကန့်သတ်လက်ခံခဲ့သည့်နည်းတူ အခြေခိုင်ပြီးဖြစ်သည့် ရိုးရာယဉ်ကျေးမှုများအရ ထူးခြားသည့်ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့များကို ထိန်းသိမ်းရာတွင် အောင်မြင်မှုရရှိခဲ့သည့် တူညီသောအချက်များ ရှိခဲ့ပါသည်။ သံတမန်ဆက်သွယ်မှု စတင်ခဲ့သည့် ၁၉၇၅ခုနှစ်မှ စတင်၍ နှစ်နိုင်ငံအကြား နားလည်မှု ပိုမိုရှိစေရန် အလေးထား ကြိုးပမ်းခဲ့ကြပါသည်။

ဤ နှစ် (၃၀)ပြည့်မြောက်သည့် အခါသမယသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုနှင့် နားလည်မှုတို့အပေါ် အခြေခံ၍ လက်ရှိချစ်ကြည်ရင်းနှီးပြီး ပူးပေါင်းဆောင်ရွက်မှုရှိသည့် ဆက်ဆံရေးကို ပိုမိုမြင့်မားသောအနေအထားသို့ မြှင့်တင်ပေးမည့် အရှိန်အဟုန်ကို ဖြည့်ဆည်းပေးလျက်ရှိပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုနှင့် ကိုရီးယား-မြန်မာ ဆက်ဆံရေးမူဘောင်များအောက်မှ အရှေ့တောင်အာရှဒေသနှင့် အခြားဒေသများအတွင်း ငြိမ်းချမ်းရေးထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားမည်ဟု ကျွန်ုပ်အနေဖြင့် ယုံကြည်ထားပါသည်။

ကျွန်ုပ်အနေဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများအား ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ထွန်းလင်းတောက်ပသည့် အနာဂတ်အတွက် အလေးအနက်ထား ထပ်လောင်းဆုမွန်ကောင်း တောင်းလိုက်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
ရန်ကုန်မြို့
ရက်စွဲ၊ ၂၀၀၅ခုနှစ်၊ မေလ ၁၉ရက်။

အင်အားတည်ဆောက်ခြင်းသည်သာ အဖြေပါ

* သူ့မမှီခို၊ ကိုယ့်အလိုများ
ကိုယ့်အားကိုယ်ကိုး၊ စုံပြည့်ဖြိုးအောင်
ကြံဆောင်အားထုတ်၊ ပြုလုပ်နေတာ
မြင်ရပါက၊ သူ့မှာမကြည်
ဆောက်တည်မရ၊ မြင်သမျှကို
ဖျက်ချချင်တာ၊ သူ့ဝါသနာ။

* သူ့ကိုမှီခို၊ ကိုယ့်အလိုများ
ဖြည့်ဆည်းသွား၍၊ ကိုယ့်အားကိုယ့်အင်
စည်ပင်လာက၊ ကိုယ့်ဆန္ဒကို
သူ့အလိုကျ၊ လုပ်မှသူကြိုက်
သူ့စရိုက်ဟာ၊ ဒီလိုပါ။

* မမှီရင် ၊ တွယ်မယ်
မှီရင် ၊ ခြယ်လှယ်
ဒီနှယ်စိတ်ထား၊ ရှိသူများကို
အားထားထိုက်သလား၊ ပိုင်းခြားဝေဖန်
စဉ်းစားရန်ပင်မလို၊ အလိုလိုသိ
ကိုယ်၏အင်အား၊ အိမ်သားတစ်စု
ညီညွတ်မှုဖြင့်၊ ကြီးထုကြံ့ခိုင်
တည်ဆောက်နိုင်မှ၊ ဒို့ဘဝသည်
စစဖူလုံ၊ လုံခြုံစိတ်ချ
အေးချမ်းရမှာ၊ သေအချာမို့
ခိုင်မာလက်တွဲ ၊ ဖွဲ့နှပဲဖြင့်
အားခဲလုပ်စို့၊ ညီနောင်တို့။ ။

မေရ

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါသံအမတ်ကြီးခန့်အပ်ရန် သဘောတူ

ရန်ကုန် မေ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ဒုတိယဗိုလ်ချုပ်ကြီး(အငြိမ်းစား) ဗစ်ထရီအကာ်စ်၊ ဂျေ၊ ဘီရာနာအား ခန့်အပ်ရန် အဆိုပြုခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူလိုက်ပြီးဖြစ်သည်။

ဒုတိယဗိုလ်ချုပ်ကြီး(အငြိမ်းစား) ဗစ်ထရီအကာ်စ်၊ ဂျေ၊ ဘီရာနာသည် ၁၉၄၅ခုနှစ် ဩဂုတ် ၃ရက်တွင် မွေးဖွားခဲ့သည်။ ၁၉၆၅ခုနှစ် ဩဂုတ်လတွင် နီပေါတပ်မတော်သို့ ဝင်ရောက်ခဲ့သည်။ ၎င်းသည် နီပေါတပ်မတော်တွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး နီပေါတပ်မတော်စစ်ဦးစီးချုပ်အဖြစ်မှ ၂၀၀၃ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ ၎င်းသည် အိမ်ထောင်သည်တစ်ယောက်ဖြစ်ပြီး သားတစ်ယောက်နှင့် သမီးတစ်ယောက်ရှိသည်။

(သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၅ခုနှစ်၊ မေလ (၁၇)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၇၁၁၆)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

The Commerce Journal အတွဲ(၅)၊ အမှတ်(၇)ဖြန့်ချီ

ရန်ကုန် မေ ၁၈

၂၀၀၅ခုနှစ် မေ ၁၆ ရက်ထုတ် The Commerce Journal အတွဲ (၅)၊ အမှတ် (၇)တွင် ဆရာမောင်စူးစမ်း၊ ဆရာအောင်သင်း၊ ဆရာဦးဟန်ထွန်း၊ မောင်တိုင်ပင်၊ အောင်စိုး (MPM)၊ ဟန်မင်းဆက်၊ ကြည်ရွှန်း၊ မောင်ပုဆိုးကြမ်း၊ ကျော်လွင်တို့၏ သုတ/ရသ ဆောင်းပါးများနှင့်အတူ ပို့ကုန်သတင်းများ၊ အနယ်နယ်အရပ်ရပ်မှ ဒေသထွက်ကုန်သတင်းများဖြင့် ဝေဝေဆာဆာ ဖော်ပြထားပြီး အမှတ်(၃၈) လမ်း(၃၀) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

(က-ပ)

ရန် ကုန် တိုင်း သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်နေ ပြည်သူများ၊ ဂျိုး ဖြူ c မိုး ရိပ်သောက်သုံးရေ ရရှိရေး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဆောင်ရွက်လျက်ရှိရာ မေ ၁၆ရက်က ဘုရင့်နောင် လမ်းမကြီးနှင့် လမ်းသွယ်(၁)သို့ ပိုက်လိုင်းသွယ်တန်းခြင်းများကို ရပ်ကွက် ရေရရှိရေး ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ ဆောင်ရွက်ကြစဉ်။

(၅၀၆)

စွမ်းအင်လိုအပ်ချက်များ ဖြည့်ဆည်းရေးအတွက် ပါကစ္စတန်-အိန္ဒိယ ပူးပေါင်းဆောင်ရွက်မည်

အစ္စလမ္မာဘတ် မေ ၁၇

ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့သည် မိမိတို့၏ စွမ်းအင်လိုအပ်ချက်များအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပါကစ္စတန် ဝန်ကြီးချုပ် ရှော်ခက်အဇစ်က စနေနေ့တွင် ပြောကြားသည်။

ဖန်တီးပေး

နှစ်နိုင်ငံ စွမ်းအင် လိုအပ်ချက်များအတွက် လက်တွဲလုပ်ကိုင်မည့် အစီအစဉ်သည် အပြန်အလှန် ယုံကြည်မှုတည်ဆောက်နိုင်စေမည် ဖြစ်ကြောင်း၊ နှစ်နိုင်ငံငြိမ်းချမ်းရေးသို့ ဦးတည်သည့် အခြေအနေကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း အဇစ်ကစီအင်န်ဘီစီ ရုပ်မြင်သံကြားဌာန၏ လူတွေ့မေးမြန်းခန်းတွင် ပြောကြားသည်။

ကမ်းလှမ်း

အရှေ့အလယ်ပိုင်းဒေသနှင့် အာရှအလယ်ပိုင်းဒေသတို့မှ ရေနံနှင့် ဓာတ်ငွေ့ ဝယ်ယူတင်သွင်းရာတွင် အိန္ဒိယနိုင်ငံသည် ပါကစ္စတန်နိုင်ငံကို ဖြတ်သန်းသည့် ရေနံပိုက်လိုင်းကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း အဇစ်က ကမ်းလှမ်းပြောဆိုသည်။ ပါကစ္စတန်ပိုင် နက်နယ်မြေကို ဖြတ်သန်းသွားမည့် ရေနံပိုက်လိုင်းကို "ငြိမ်းချမ်းရေး ပိုက်လိုင်း"ဟူ၍ တင်စားခေါ်ဝေါ်နိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

လေ့လာ

တာ့ခ်မေးနစ္စတန်၊ အီရန်နှင့် ကာတာနိုင်ငံတို့မှ ရေနံနှင့်ဓာတ်ငွေ့ကို ပါကစ္စတန်နိုင်ငံမှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ ပို့ဆောင်နိုင်မည့် နည်းလမ်းအသွယ်သွယ်ကို မိမိတို့ လေ့လာနေကြောင်း အဇစ်က ပြောကြားသည်။

မိမိတို့ နှစ်နိုင်ငံသည် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ခြင်းဖြင့် အပြန်အလှန်ယုံကြည်မှုမြင့်မားတိုးတက်လာမည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ဘေးလွတ်ရာသို့ ထွက်ပြေးနေသူများကို မေ ၁၇ ရက်တွင် တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ယူရေနီယံအားဖြည့်လောင်စာ အီရန် ပြန်လည်ထုတ်လုပ်မည် အီးယူနှင့် အမေရိကန်တို့၏ သတိပေးချက်ကို ဆန့်ကျင်

တီဟီရန် မေ ၁၇

ဥရောပသမဂ္ဂနှင့် အမေရိကန်နိုင်ငံတို့၏သတိပေးချက်ကို ဆန့်ကျင်၍ အီရန်နိုင်ငံသည်ယူရေနီယံ အားဖြည့်လောင်စာများ မကြာမီတွင် ပြန်လည်ထုတ်လုပ်တော့မည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်ဟု အီရန် နျူကလီးယားထိပ်တန်းအရာရှိ တစ်ဦးက ကြာသပတေးနေ့က ပြောကြားသည်။

အီရန်နိုင်ငံသည် နျူကလီးယားလုပ်ဆောင်မှုများကို ဆိုင်းငံ့ထားရာမှ တစ်စိတ်တစ်ပိုင်းမျှသာ ဖြစ်သော ယူရေနီယံအားဖြည့်လောင်စာထုတ်လုပ်မှုကို ပြန်လည်ဆောင်ရွက်မည် ဖြစ်သည်ဟု အီရန်နိုင်ငံ၏ အဏုမြူစွမ်းအင်အဖွဲ့အကြီးအကဲ ဂိုလမ်ရီဇာအဂါဇာဒက်၏ ပြောကြားချက်ကို ရုပ်သံဌာနက ထုတ်လွှင့်ခဲ့သည်။

အဆိုပါ ပြန်လည်ဆောင်ရွက်မှုတွင် ဗဟိုခွာအားစက် လည်ပတ်မှုလုပ်ငန်းပါဝင်ကြောင်း၊ ထိုစက်ကို ပြန်လည်အသုံးပြုမည့် ရက်အတိအကျကိုမူ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိကြောင်း သိရသည်။

တွက်ဆထား

ယူရေနီယံ အားဖြည့်လောင်စာ ပြန်လည်ထုတ်လုပ်ရန် ဆောင်ရွက်မှုကိစ္စများကိုအပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)သို့ စာရေးသား၍ အကြောင်းကြားလိမ့်မည်ဟု တွက်ဆထားကြသည်။

သတိပေး

အကယ်၍ အီရန်နိုင်ငံသည် ယူရေနီယံအားဖြည့်လောင်စာ ထုတ်လုပ်မှုကို ပြန်လည်ဆောင်ရွက်ပါက အမေရိကန်နှင့် ဥရောပသမဂ္ဂတို့က ထိုကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်ပြမည်ဖြစ်ပြီး အီရန်နိုင်ငံကို ပိတ်ဆို့အရေးယူမည်ဟု သတိပေးထားသည်။ အဆိုပါ သတိပေးမှုကို ဆန့်ကျင်၍ ယူရေနီယံအားဖြည့်လောင်စာ ပြန်လည်ထုတ်လုပ်ရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဥရောပသမဂ္ဂမှ အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်ကိစ္စ ဆွေးနွေးရာ၌ အချိန်ဆွဲ၍ ဆွေးနွေးခဲ့သည့်အတွက် အီရန်နိုင်ငံက နျူကလီးယား အားဖြည့် လောင်စာအစီအစဉ်ကို ပြန်လည်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း အကြောင်းပြသည်။ အီရန်သည် ၂၀၀၄ ခုနှစ် နိုဝင်ဘာလမှစ၍ ထိုအစီအစဉ်ကို ရပ်ဆိုင်းထားခဲ့ရာမှ ပြန်လည်ဆောင်ရွက်ခြင်းဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

လာမည့်နှစ်ဖေဖော်ဝါရီ နောက်ဆုံးထား၍ အီတလီတပ်ဖွဲ့ အီရတ်မှ ရုပ်သိမ်းမည်

ရောမ မေ ၁၇

အီတလီတပ်ဖွဲ့ကို အီရတ်နိုင်ငံမှ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ နောက်ဆုံးထား၍ ရုပ်သိမ်းမည်ဖြစ်ကြောင်း အီတလီနိုင်ငံခြားရေးဝန်ကြီး ဂလန်ဖရန်ကိုဖိနီက အင်္ဂါနေ့တွင် ပြောကြားသည်။

ကုလသမဂ္ဂ ဆုံးဖြတ်ချက်အမှတ် ၁၅၄၆ နှင့်အညီ အီရတ်မှ မိမိတို့၏ တပ်ဖွဲ့ကို ၂၀၀၅ ခုနှစ်ကုန်တွင် စတင်ရုပ်သိမ်းရမည်ဖြစ်ကြောင်း ရောမမြို့တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ပြောကြားသည်။

သို့ရာတွင် အီရတ်အစိုးရအဖွဲ့က အီတလီတပ်ဖွဲ့ရုပ်သိမ်းမှုကို တစ်လ၊ နှစ်လကြာမျှ ဆိုင်းငံ့ရန် ပန်ကြားဖွယ်ရှိသဖြင့် မိမိတို့၏တပ်ဖွဲ့ကို ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီနောက်ဆုံးထား၍ ရုပ်သိမ်းမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ အီတလီနိုင်ငံသည် အီရတ်တွင် တပ်ဖွဲ့ဝင် ၃၀၀၀ ကျော်ကို ဖြန့်ကြက်ထားသည်။

အီရတ်အစိုးရနှင့် အီတလီ၏ မဟာမိတ်နိုင်ငံများက သဘောတူညီမည်ဆိုပါက အီတလီတပ်ဖွဲ့ကို စက်တင်ဘာလမှ စတင်ရုပ်သိမ်းမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဘာလူစကွန်နီက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်ရန် ဗင်နီဇွဲလားနှင့် ကျူးဘားသဘောတူညီ

ကာရာကတ်စ် မေ ၁၇

ဗင်နီဇွဲလားနှင့် ကျူးဘားနိုင်ငံတို့သည် ပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း ဘိုလီဗာရီယန်သတင်း အေဂျင်စီက သောကြာနေ့တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ သဘောတူညီချက်ကို ဗင်နီဇွဲလား အမျိုးသား ပင်လယ်ရေကြောင်း ပိုင်နက်နယ်မြေ သိပ္ပံနှင့် ကျူးဘားသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနတို့က လက်မှတ် ရေးထိုးလိုက်ကြောင်း သတင်းအေဂျင်စီက ဖော်ပြသည်။ သို့ရာတွင် မည်သည့်နေရက်က ယင်းသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်ကိုမူ ဖော်ပြခြင်း မရှိပေ။

ဗင်နီဇွဲလားနှင့် ကျူးဘားတို့၏ ပင်လယ်ရေကြောင်းပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်အရ သင်္ဘောတည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတို့ကို တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

၁၉၉၉ ခုနှစ်တွင် ဗင်နီဇွဲလားသမ္မတအဖြစ် ဟူဂိုချာဗက်ဇ် တာဝန်ယူခဲ့ချိန်မှစ၍ ယင်းနိုင်ငံနှင့် ကျူးဘားနိုင်ငံတို့၏ ဆက်ဆံရေးခိုင်မာတိုးတက်လာခဲ့သည်။ ဗင်နီဇွဲလားနှင့် ကျူးဘားတို့သည် ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် ရေနံလုပ်ငန်းကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မည့် သဘောတူညီချက်အများအပြားကိုလည်း လက်မှတ်ရေးထိုးခဲ့ကြပြီး ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်တွင် တိုက်ခိုက်ခံရ၍ ကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဘဂ္ဂဒက် မေ ၁၇

အီရတ်နိုင်ငံ အနောက်ဘက်တွင် မြေမြှုပ်ဗုံးတစ်လုံးပေါက်ကွဲမှုကြောင့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင် နှစ်ဦး သေဆုံးခဲ့သည်ဟုအမေရိကန်စစ်ဘက်က ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

အီရတ်နိုင်ငံအနောက်မြောက်ဘက်တွင် အမေရိကန် သံချပ်ကာယာဉ်တစ်စီးသည် မြေမြှုပ်ဗုံးကို နင်းမိပြီး လူနှစ်ဦးသေဆုံးကာ ၁၄ ဦး ဒဏ်ရာရရှိခဲ့သည်။

ယူဖရေးတီးမြစ် အနောက်ဘက် အယ်လ်ဂျာဇီအရပ်တွင် ပြောက်ကျားများနှင့် ပြည်ပတိုက်ခိုက်ရေးသမားများကို ချေမှုန်းသည့် စစ်ဆင်မှုကို မာလာဒေါ် စစ်ဆင်ရေးဟု အမည်ပေးသတ်မှတ်ခဲ့ကြသည်။ အဆိုပါ ဒေသတစ်ဝိုက်သည် မှောင်ခိုလမ်းကြောင်းတွင်ရှိပြီး ပြည်ပတိုက်ခိုက်ရေးသမားများအတွက် နားခိုနေထိုင်ရန်စခန်းကောင်းကြီးတစ်ခုဖြစ်လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဘာဆာရာမြို့ ဆင်ခြေဖုံးတွင် လုံခြုံရေးစောင့်ကြပ်နေသော ဗြိတိသျှ သံချပ်ကာကား တစ်စီးကို မေ ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်တွင် သက်ကြီးအရွယ်ဦးရေအချိုးအစား များပြားလာ ၂၀၄၀ ပြည့်နှစ်တွင် လူဦးရေတိုးနှုန်း ရပ်ဆိုင်းသွားမည်

ပေကျင်း မေ ၁၇

တရုတ်နိုင်ငံတွင် အသက်(၆၅) နှစ်အထက်ရှိ သက်ကြီးအရွယ် လူဦးရေသည် ၂၀၀၄ ခုနှစ်တွင် ၉၈ ဒသမ ၅၇ သန်းအထိ ရောက်ရှိလာသည်ဖြစ်၍ နိုင်ငံရှိ စုစုပေါင်းလူဦးရေ၏ ၇ ဒသမ ၆ ရာခိုင်နှုန်း အချိုးအစားအထိ သက်ကြီးလူဦးရေမှာ ကြီးထွားလာပြီဖြစ်ကြောင်း လူမှုရေးရာဝန်ကြီးဌာန၏ စာရင်းအင်းများက ဖော်ပြသည်။

တရုတ်နိုင်ငံတွင် ထိုသက်ကြီးရွယ်အိုများအတွက် လိုအပ်သော ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းပေါင်း ၇၆၅၅ ခု ရှိသည်။ ထိုအဖွဲ့များ၏ ဝန်ထမ်းအင်အားပေါင်းမှာ ၂၄၀၀၀ ရှိကြောင်း တရုတ်နိုင်ငံက တင်ထားသော အင်တာနက်ဝက်ဘ်ဆိုက်သတင်းတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံတွင် အသက်ကြီးသူများ တက်ရောက်နိုင်မည့် တက္ကသိုလ်ပေါင်း ၈၅၂၁ ခုကို ဖွင့်လှစ်ပေးခဲ့ရာ အသက်အရွယ်ကြီးရင့်သူ ၁ ဒသမ ၂ သန်းတို့ တက်ရောက်သင်ယူလေ့လာလျက်ရှိကြကြောင်းသတင်းကဆိုသည်။

မှန်းဆထား

တရုတ်နိုင်ငံသည် လာမည့် ၂၀၄၀ ပြည့်နှစ်တွင် လူဦးရေတိုးနှုန်း သုညရာခိုင်နှုန်းသို့ ရောက်ရှိသွားမည်ဖြစ်သည်။ ထိုအခြေအနေတွင် နိုင်ငံရှိ အသက် (၆၅) နှစ်နှင့်အထက်ရှိလူဦးရေမှာလည်း လူဦးရေစုစုပေါင်း၏ ၁၂ ရာခိုင်နှုန်းအချိုးအစားသို့ ရောက်လာမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ လူဦးရေဆိုင်ရာ အဖွဲ့အစည်းမှ ဒုတိယဥက္ကဋ္ဌ လီဟောင်ဂူကမတ်လအတွင်းပြောကြားခဲ့သည်။ အနာဂတ်ကာလသို့ ရောက်သောအခါ တရုတ်လူဦးရေ ငါးဦးလျှင် တစ်ဦးသည် အသက်ကြီးသူဖြစ်လိမ့်မည်ဟု မှန်းဆထားကြောင်း သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ပို့ကုန်အမယ်များနှင့် ပို့ကုန်အရေအတွက်များပိုမိုတင်ပို့ ကောလာဟလများကို စာရင်းမှန်၊ သတင်းမှန်များဖြင့် ချေဖျက်

ရန်ကုန် မေ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) တွေ့ဆုံဆွေးနွေးပွဲနှင့် အလုပ်အမှုဆောင်အဖွဲ့ ပထမအကြိမ်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နာယကအဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌများနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းချုပ်အောက်ရှိ အသင်းအဖွဲ့များမှဥက္ကဋ္ဌများနှင့်အတွင်းရေးမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အသင်းချုပ်က ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ပြခန်းဆုလွှဲပြောင်း

ထို့နောက် အသင်းချုပ်ဥက္ကဋ္ဌက အင်ဒိုနီးရှား သမ္မတနိုင်ငံ ဘန်ဒေါင်းမြို့၌ ဧပြီ ၂၀ ရက်မှ ၂၅ ရက်အထိကျင်းပခဲ့သည့် အာရှ–အာဖရိက ကုန်စည်ပြပွဲ ၂၀၀၅တွင် မြန်မာနိုင်ငံက ဆွတ်ခူးရရှိခဲ့သော ပြခန်းပထမဆုကို အသင်းချုပ်နာယကအဖွဲ့ဥက္ကဋ္ဌ၊ ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်းထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် အသင်းချုပ်နာယကအဖွဲ့ဥက္ကဋ္ဌ၊ ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်းက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သည် နိုင်ငံအကျိုး၊ အသင်းအဖွဲ့များအကျိုး၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများအကျိုးနှင့် ပြည်သူလူထုအကျိုးတို့ကို ရှေးရှုဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ပုဂ္ဂလိကကဏ္ဍစီးပွားရေးနှင့်ကုန်သွယ်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ဦးဆောင်ဦးရွက်ပြုရသည့်အသင်းချုပ်ကြီးဖြစ်သည်နှင့်အညီ လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုစုစည်းညီညွတ်စွာ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရသည့် လုပ်ငန်းများပိုမိုများပြားလာသည်နှင့်အမျှ လုပ်ငန်းစီမံချက်များလည်း စနစ်တကျ ရေးဆွဲဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

အလေးထားဆောင်ရွက်

မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း အသင်းချုပ်ကြီး၏ လုပ်ငန်းဆိုင်ရာအခက်အခဲများကြုံတွေ့ပါက ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကျော်လွှားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အသင်းအဖွဲ့များအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများအပါအဝင် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ပို့ကုန်အမယ်များနှင့် ပို့ကုန်အရေအတွက် ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေး၊ ကုန်သွယ်ရေးနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသည့် ကောလာဟလများကို မိမိတို့၏ စာရင်းအင်းအမှန်၊ သတင်းအမှန်များဖြင့် ချေဖျက်နိုင်ရေး၊ ပြည်တွင်းပြည်ပဈေးကွက်သတင်းများ အချိန်နှင့်တစ်ပြေးညီရယူထုတ်ပြန်နိုင်ရေး၊ ကုန်စည်စီးဆင်းမှုလွယ်ကူလျင်မြန်စေရေး၊ ပို့ကုန်ပစ္စည်းများ တိုးချဲ့ထုတ်လုပ်ရေးနှင့် ဈေးကွက်ချဲ့ထွင်ရေး၊ အဖျက်အမှောင့်လုပ်ရပ်များကို ပြည်သူ့စွမ်းအားဖြင့် ကာကွယ်တားဆီးရေး၊ ပြည်သူလူထု၏လူမှုရေး၊ စီးပွားရေး၊ လုံခြုံရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရေးစသည်တို့ကို အလေးထားဆောင်ရွက်ကြစေလိုကြောင်း စသည်ဖြင့်ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်နှင့်တိုင်းများမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြကြပြီး လူမဆန်သော အကြမ်းဖက်အဖျက်လုပ်ရပ်နှင့်ပတ်သက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်ကိုဖတ်ကြား၍ အခမ်းအနားကို ခေတ္တရပ်နားသည်။

ထို့နောက် အလုပ်အမှုဆောင်အဖွဲ့၏ပထမအကြိမ်အစည်းအဝေးကို ကျင်းပရာ ရှေးဦးစွာ အစည်းအဝေး သဘာပတိပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများက အသင်းချုပ်လုပ်ငန်းကော်မတီများ ပြန်လည်ဖွဲ့စည်းရေးနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး သဘာပတိအသင်းချုပ်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

လွှဲပြောင်းပေးအပ်

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌဦးဝင်းမြင့် အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့တွင် ကျင်းပခဲ့သည့် အာရှ–အာဖရိက ကုန်စည်ပြပွဲ၌ မြန်မာနိုင်ငံက ဆွတ်ခူးရရှိခဲ့သော ပြခန်းပထမဆုကို ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နာယကအဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံသို့ထွက်ခွာ

ရန်ကုန် မေ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းသည် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ယိမြို့၌ မေ ၁၉ရက်တွင် ကျင်းပမည့် ဒေသတွင်းနားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားသည့် ခြောက်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး ဝန်ကြီးအဆင့် အစည်းအဝေးသို့တက်ရောက်ရန် ယနေ့နံနက် ၉နာရီ ၅၅မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားသည်။

ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းထွန်းအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. Hul Phany၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲရေးချုပ်ရဲမှူးချုပ် စိုးဝင်းမြင့်နှင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ဝန်ကြီးအဆင့် အစည်းအဝေးမတိုင်မီ မေ ၁၅ရက်မှ ၁၆ရက်အထိကျင်းပမည့် ဒုတိယအကြိမ် အာဆီယံနှင့်တရုတ်မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေး နိုင်ငံတကာညီလာခံ အကြိုညှိနှိုင်းအစည်းအဝေး၊ မေ ၁၇ရက်မှ မေ ၁၈ရက်အထိ ကျင်းပမည့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားသည့် ခြောက်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အဆင့်မြင့်အရာရှိများအစည်းအဝေးများသို့မြန်မာနိုင်ငံမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲမှူးကြီးခမ်းအောင်၊ ညွှန်ကြားရေးမှူး (နိုင်ငံတကာ) ရဲမှူးကြီးသိန်းကြည်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညီညီတို့ တက်ရောက်လျက်ရှိသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်း၌ လမ်းနှင့်တံတားများ ဝန်ကြီးဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် မေ ၁၈

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါ၍ မေ ၁၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်–ပုသိမ်လမ်း ဆားမလောက် မအူပင်လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေး၍ မအူပင်တံတား ရှင်းလင်းဆောင်သို့ရောက်ရှိသည်။

မအူပင် ရှင်းလင်းဆောင်၌ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မအူပင်ခရိုင်အင်ဂျင်နီယာမှူး ဦးစိုင်းကျော်မိုးက မအူပင်တံတားရေလယ်တိုင်များ အခြေအနေ၊ မြစ်ရေတိုက်စားမှု ကာကွယ်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုများနှင့် မအူပင်ခရိုင်က တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းတံတားပြင်ဆင်ထိန်းသိမ်းမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက မအူပင်တံတား မြစ်ကြမ်းပြင်အနေအထား ပြောင်းလဲမှုကို စဉ်ဆက်မပြတ် စောင့်ကြည့်တိုင်းတာစစ်ဆေးရန်၊ မြစ်ရေတိုက်စားမှုရှိပါက ချက်ချင်းညှိနှိုင်း၍ လိုအပ်သလိုဆောင်ရွက်ရန်၊ ကျောက်များ ကြိုတင်စုဆောင်းထားရန်၊ လမ်းတံတားပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို အဆင့်ဆင့်ကြီးကြပ်၍ နည်းစနစ်မှန်ကန်စွာဖြင့် စေတနာထား၍ ဆောင်ရွက်ကြရန်၊ မိုးကာလရောက်ရှိတော့မည်ဖြစ်၍ မိမိနယ်အတွင်း လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ခြင်းမရှိစေရေး ဆောင်ရွက်ရန်၊ တံတားအမှတ်(၁/၁၆) သုဇာရိုးတံတားကို မိုးမကျမီအပြီး ဆက်လက်ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မအူပင် – ကျိုက်လတ်– ဖျာပုံလမ်းမှ တစ်ဆင့် မိုင်တိုင် ၆/၂တွင် မြေသားတာပေါင်ချဲ့ခြင်းလုပ်ငန်း၊ မိုင်တိုင် ၁၈/၇ တွင် မျက်နှာပြင်ကတ္တရာထပ်ပိုးလွှာခင်းကြိတ်ခြင်း လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဖျာပုံတံတားတည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး ပင်မတံတား သံပေါင်တပ်ဆင်နေမှု၊ လုပ်ငန်းပြီးစီးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ ဖျာပုံတံတားတည်ဆောက်ရေးစီမံကိန်း တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆယ်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ဆောင်ရွက်ဆဲနှင့်ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက ချဉ်းကပ်တံတားအုတ်မြစ်စီ လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရန်၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး ဂရုပြုဆောင်ရွက်ရန်တို့ကို မှာကြား၍ လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးသည်။

ယခုအခါဖျာပုံတံတားတည်ဆောက်မှုတွင် ပင်မတံတားသံပေါင် လေးခန်းရှိသည့်အနက် သုံးခန်းပြီးစီးလျက် တစ်ခန်း ဆက်လက်တပ်ဆင်လျက်ရှိသည်။ ချဉ်းကပ်တံတားနှစ်ဖက်တွင် ဘိုးပိုင်အုတ်မြစ်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေဆဲဖြစ်သည်။

ဖျာပုံတံတားပြီးစီးပါက ရန်ကုန်–ညောင်တုန်း– မအူပင်– ကျိုက်လတ်– ဖျာပုံ – ဒေးဒရဲ – ကွမ်းခြံကုန်း–ဒလမြို့နယ်များ ကွန်ရက်သဖွယ် လွယ်ကူလျင်မြန်စွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်

၁၈–၅–၂၀၀၅

ထားဝယ်

၀ဒသမ ၅၁လက်မ

ဘန်ဒေါင်းစိတ်ဓာတ်အရင်းခံ၍ အာရှ-အာဖရိက ပူးပေါင်းဆောင်ရွက်ရေး

ဦးဇော်

မှတ်တမ်းတင်ဓာတ်ပုံရိုက်ချက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အာရှ-အာဖရိကနိုင်ငံများမှ နိုင်ငံအကြီးအကဲများ ဘန်ဒေါင်းမြို့ မာဒေးကားအဆောက်အအုံ၌ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။ (သတင်းစဉ်)

ဘန်ဒေါင်းကြေညာချက်သည် လွတ်လပ်ရေးရရှိရန် ကြိုးပမ်းနေသော နိုင်ငံများကိုရော လွတ်လပ်ရေးရခါစနိုင်ငံများကိုပါ စိတ်ဓာတ်ရေးရာအရ ထိရောက်စွာ အားပေးမြှင့်တင်နိုင်သည်။ လွတ်လပ်သောနိုင်ငံသစ်များ ပေါ်ထွက်လာခဲ့သည့် နည်းတူ တတိယနိုင်ငံများဟု ခေါ်တွင်သည့် ကမ္ဘာ့နိုင်ငံကြီးများ၏ စစ်အေးတိုက်ပွဲမှ လွတ်အောင် ရုန်းထွက်သော ဘက်မလိုက်အင်အားစုကိုလည်း စတင်သန္ဓေတည်နိုင်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်၍ ဂျကာတာမြို့တော်၌ ဧပြီလ ၂၂ ရက်မှ ၂၃ ရက်နေ့အထိ နှစ်ရက်ကြာကျင်းပခဲ့သည့် ၂၀၀၅ ခုနှစ် အာရှ-အာဖရိက ထိပ်သီးညီလာခံကို လည်းကောင်း၊ ဧပြီလ ၂၄ ရက်နေ့၌ ဘန်ဒေါင်းမြို့တွင် ကျင်းပခဲ့သော ၁၉၅၅ ခုနှစ် အာရှ-အာဖရိက ဘန်ဒေါင်းကွန်ဖရင့် အထိမ်းအမှတ် ရွှေရတုအခမ်းအနားကိုလည်းကောင်း တက်ရောက်ခဲ့ကြသည်။ **ဘန်ဒေါင်းကွန်ဖရင့်၊ ဘန်ဒေါင်းစိတ်ဓာတ်ကို မှတ်မှတ်ရရ ပြန်လည်ဖော်ထုတ်ဂုဏ်ပြုရင်း အာရှ-အာဖရိက တိုက်ကြီးနှစ်တိုက်မှ ထိပ်သီးခေါင်းဆောင်များသည် အနာဂတ်အတွက် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ညှိနှိုင်းဆွေးနွေးကြခြင်းဖြစ်သည်။**

အာရှ-အာဖရိက ထိပ်သီးညီလာခံသို့ အာရှနိုင်ငံပေါင်း (၅၄)နိုင်ငံ၊ အာဖရိကနိုင်ငံပေါင်း (၅၂)နိုင်ငံ၊ နိုင်ငံပေါင်း ၁၀၆ နိုင်ငံတို့မှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အစိုးရအဖွဲ့တို့မှ ကိုယ်စားလှယ်တော်များ၊ ထို့အပြင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်တို့ပါ တက်ရောက်ခဲ့ကြသည်။ ချမ်းသာသောနိုင်ငံ၊ ဆင်းရဲသောနိုင်ငံ၊ နိုင်ငံကြီး၊ နိုင်ငံလတ်၊ နိုင်ငံငယ် စုံလင်သည်။

အာရှ-အာဖရိကတိုက်နှစ်တိုက်မှ လူဦးရေသည် သန်း၄၆၀၀ ခန့်ရှိသဖြင့် ကမ္ဘာ့လူဦးရေ၏ ၇၃ ရာခိုင်နှုန်းကျော်ကို ကိုယ်စားပြုသည်။ နိုင်ငံအလိုက် ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)တို့ကို ပေါင်းစုလိုက်လျှင် အမေရိကန်ဒေါ်လာ ၉ ဒသမ ၃ ထရီလီယံခန့်ရှိပြန်သည်။ ကိန်းဂဏန်းစာရင်းများကို အပေါ်ယံကြည့်လျှင် အားရစရာပင်ဖြစ်သည်။ သို့ရာတွင် လက်တွေ့ဘဝ၌ အာရှ-အာဖရိက နိုင်ငံအများစုသည် လွတ်လပ်ရေး ရပင်ရငြားသော်လည်း ကိုလိုနီနယ်ချဲ့စနစ်၏ ကာလရှည်ကြာစွာ သွေးစုပ်ခြယ်လှယ်မှုနှင့် သွေးခွဲအုပ်ချုပ်မှုတို့၏ ဒဏ်ရာဒဏ်ချက်များကြောင့် လည်းကောင်း၊ ချမ်းသာသောနိုင်ငံကြီးများ၏ စေတနာမမှန်သော ပယောဂများနှင့် မလောက်မငသော ကူညီထောက်ပံ့မှုတို့ကြောင့်လည်းကောင်း၊ မိမိတို့၏ ကိုယ်ပိုင်အားနည်းချက်များကြောင့်လည်းကောင်း၊ ဆင်းရဲနွမ်းပါးမှု၊ စာမတတ်မှု၊ ရောဂါဘယထူပြောမှုစသည့် လူမှုစီးပွားရေးဒုက္ခများအပြင် နိုင်ငံရေးမတည်ငြိမ်မှုမှသည် လက်နက်ကိုင်သောင်းကျန်းမှုများအထိ ကျယ်ပြန့်သော နိုင်ငံရေးပြဿနာများကိုပါ ရင်ဆိုင်ဖြေရှင်းနေကြရဆဲ ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်က ကမ္ဘာ့အခြေအနေကို ပြန်ကြည့်လျှင် ဗြိတိန်၊ ပြင်သစ်၊ ဒတ်ချ်၊ ဘယ်လ်ဂျီယံစသည့် ကိုလိုနီနိုင်ငံကြီးများသည် ကိုလိုနီနယ်မြေများကို လက်မလွှတ်နိုင်သေးဘဲ နည်းအမျိုးမျိုးဖြင့် ထိန်းကိုင်နေဆဲဖြစ်သဖြင့် လွတ်လပ်ရေးရရှိရန် ကိုလိုနီနိုင်ငံငယ်များက ကြိုးပမ်းအားထုတ်နေရချိန်ဖြစ်သည်။ ထို့ပြင် ဒုတိယကမ္ဘာစစ်ကြီးအပြီး၌ အမေရိကန် ဦးဆောင်သော အနောက်အုပ်စုနှင့် ဆိုဗီယက်ပြည်ထောင်စုဦးဆောင်သော အရှေ့အုပ်စုတို့အကြား စစ်အေးတိုက်ပွဲအရှိန်မှာ ပြင်းထန်ခက်ထန်နေချိန်ဖြစ်သည်။ **ထိုအချိန်၌ လွတ်လပ်ရေးရခါစ မြန်မာနိုင်ငံအပါအဝင် လွတ်လပ်ခါစ နိုင်ငံများအဖို့ စစ်အေးတိုက်ပွဲမှ လွတ်မြောက်မှသာ နိုင်ငံတော်၏ အချုပ်အခြာ အာဏာကို ထိန်းသိမ်းနိုင်ကြမှာ ဖြစ်သကဲ့သို့ နိုင်ငံကြီးများ၏ အခြွေအရံနိုင်ငံ၊ သြဇာခံနိုင်ငံအဖြစ် မကျရောက်မှာဖြစ်သည်။**

ဘန်ဒေါင်း

ထိုသို့သော နိုင်ငံတကာအခြေအနေ၌ **နိုင်ငံရေးအရ နိုးကြားနေသည့် မြန်မာ၊ အိန္ဒိယ၊ သီရိလင်္ကာ၊ အင်ဒိုနီးရှား၊ ပါကစ္စတန်စသည့် ငါးနိုင်ငံမှ ခေါင်းဆောင်များသည် ၁၉၅၄ ခုနှစ် ဧပြီလတွင် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ တွေ့ဆုံပြီး အာရှ-အာဖရိကနိုင်ငံများ ကွန်ဖရင့်ကို ကျင်းပရန် စတင်ဆွေးနွေးခဲ့ကြသည်။** ထို့နောက် ၁၉၅၅ ခုနှစ် ဧပြီလ၌ အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားရှိ **ဘန်ဒေါင်းမြို့တွင် အာရှ-အာဖရိကနိုင်ငံများ၏ ပထမဆုံးကွန်ဖရင့်ကြီးကို သမိုင်းဝင် ကျင်းပနိုင်ခဲ့သည်။**

ယင်းကွန်ဖရင့်ကြီးသို့ မြန်မာနိုင်ငံပါဝင်သည့် အာရှတိုက်နိုင်ငံပေါင်း ၂၆ နိုင်ငံနှင့် အာဖရိကတိုက်မှ သုံးနိုင်ငံ၊ နိုင်ငံပေါင်း ၂၉ နိုင်ငံမှ ခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။ ထိုအချိန်၊ ထိုကာလ၌ နိုင်ငံပေါင်း ၂၉ နိုင်ငံမှ ကိုယ်စားလှယ်တို့ ပါဝင်သည့် ဤကဲ့သို့သော အစည်းအဝေးမျိုးမှာ ရှားရှားပါးပါး ရှိတောင့်ရှိခဲဖြစ်သည်။ ထို့ကြောင့်လည်း အာရှ-အာဖရိက နိုင်ငံများ၏ ပထမအကြိမ် သမိုင်းဝင်စုစည်းမှုကို ဘန်ဒေါင်းကွန်ဖရင့် အဖြစ် လူသိများခဲ့ခြင်းဖြစ်သည်။ **ဘန်ဒေါင်းကြေညာချက်သည် လွတ်လပ်ရေးရရှိရန် ကြိုးပမ်းနေသော နိုင်ငံများကိုရော လွတ်လပ်ရေးရခါစ နိုင်ငံများကိုပါ စိတ်ဓာတ်ရေးရာအရ ထိရောက်စွာ အားပေးမြှင့်တင်နိုင်သည်။ လွတ်လပ်သော နိုင်ငံသစ်များ ပေါ်ထွက်လာခဲ့သည့် နည်းတူ တတိယနိုင်ငံများဟု ခေါ်တွင်သည့် ကမ္ဘာ့နိုင်ငံကြီးများ၏ စစ်အေးတိုက်ပွဲမှ လွတ်အောင် ရုန်းထွက်သော ဘက်မလိုက်အင်အားစုကိုလည်း စတင်သန္ဓေတည်နိုင်ခဲ့သည်။**

ဘန်ဒေါင်းညီလာခံက ချမှတ်လိုက်သော နိုင်ငံတကာ ဆက်ဆံရေး မူကြီး ၁၀ ချက်ကို ကမ္ဘာ့အုပ်စုဝင် နိုင်ငံကြီးများသည် ငြင်းပယ်နိုင်အားမရှိ၊ အသိအမှတ်ပြုလက်ခံရသည်အထိ ထိရောက်အောင်မြင်ခဲ့သည်။

၂၀၀၅ ခုနှစ် အာရှ-အာဖရိက ထိပ်သီးညီလာခံ

အာရှ-အာဖရိက ထိပ်သီးညီလာခံသို့ နိုင်ငံပေါင်း ၁၀၆ နိုင်ငံ တက်ရောက်သည်အထိ အင်အားတိုးပွားနေပြီဖြစ်သည်။ ဤသည်မှာလည်း ညီလာခံကို ပူးတွဲတာဝန်ခံ ကျင်းပသော အင်ဒိုနီးရှားနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့၏ ကြိုးပမ်းဆောင်ရွက်မှုတို့ကြောင့် ဖြစ်သကဲ့သို့ နိုင်ငံပေါင်း ၂၉ နိုင်ငံဖြင့် စတင်လှုပ်ရှားခဲ့သည့် ဘန်ဒေါင်းညီလာခံ၏မူများ၊ ဘန်ဒေါင်းစိတ်ဓာတ်များ၏ လှုံ့ဆော်ရှင်သန် အကျိုးပြုမှုများကြောင့်လည်းဖြစ်သည်။

ဘန်ဒေါင်းညီလာခံက နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ တန်းတူရည်တူရှိရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး စသည့် နိုင်ငံတကာဆက်ဆံရေးမူကြီးများကို ခိုင်ခိုင်မာမာ ချမှတ်ပေးနိုင်ခဲ့သည်မှာ သမိုင်းမှတ်တမ်းဝင်၍ သမိုင်းတွင်ခဲ့ပြီးဖြစ်သည်။

နှစ်ပေါင်း(၅၀)အကြာ ယနေ့အခြေအနေ၌ အာရှ-အာဖရိက ကိုလိုနီနိုင်ငံအားလုံး လွတ်လပ်ရေးရခဲ့ကြသည်။ ကမ္ဘာ့အုပ်စုကြီးနှစ်ခု၏ စစ်အေးတိုက်ပွဲကာလမှာ ဥရောပဆိုရှယ်လစ်နိုင်ငံများ ပြိုကွဲမှုနှင့်အတူ လွန်မြောက်သွားပြီး နိုင်ငံကြီးတစ်နိုင်ငံကသာ မဟာအင်အားကြီးနိုင်ငံအဖြစ် ရပ်တည်လွှမ်းမိုးလာသည်။ အကြမ်းဖက်ဝါဒပေါ်ပေါက်လာမှု၏ဆိုးကျိုးအဖြစ် နိုင်ငံများ၏ နယ်နိမိတ်တည်တံ့မှုနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုတို့ကို ကျူးကျော်ထိခိုက်သည့် ဖြစ်ရပ်ဆိုးများ ဖြစ်ပေါ်လာသည်။ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေး အကြောင်းပြချက်များဖြင့် နိုင်ငံတကာမျက်နှာစာ၌ ဖိအားပေး မှုများနှင့် အကျပ်ကိုင်မှုများကို လိုလျှင်လိုသလို တစ်ဖက်သတ် ကျင့်သုံးလာမှုများ ရှိလာသည်။ တစ်ချိန်တည်းမှာပင် နိုင်ငံအချင်းချင်းအကြား ဆင်းရဲချမ်းသာ ကွာဟမှုမှာလည်း ကြီးမားနေလျက်ပင်ရှိသည်။

ဖွံ့ဖြိုးဆဲနိုင်ငံအများစု၌ ဆင်းရဲနွမ်းပါးမှု၊ ခေတ်ပေါ်ရောဂါဆိုးများအပါအဝင် ရောဂါဘယမျိုးစုံ ဖြစ်ပွားမှု၊ သန့်ရှင်းသော သောက်သုံးရေရှားပါးမှု၊ ပညာရည် အဆင့်အတန်း နိမ့်ကျမှုစသည့် လူမှုစီးပွားရေးဒုက္ခများကို ဆက်လက်ရင်ဆိုင် ဖြေရှင်းနေကြရဆဲပင် ဖြစ်သည်။

ထို့ကြောင့် ၁၉၅၅ ခုနှစ် ကမ္ဘာ၌ ကိုလိုနီစနစ်ဆိုးမှ လွတ်မြောက်ရေးနှင့် စစ်အေးတိုက်ပွဲမှ လွတ်ကင်းအောင် နေထိုင်ရေးတို့သည် လွတ်လပ်ကာစ နိုင်ငံငယ်များအတွက် စိန်ခေါ်မှုများ ဖြစ်ခဲ့သည်မှာ အမှန်ပင် ဖြစ်သော်လည်း ယနေ့ပြောင်းလဲလာသည့် မျက်မှောက်ခေတ်ကမ္ဘာ၌ နိုင်ငံတိုင်း ဂုဏ်သိက္ခာရှိရှိ၊ လုံခြုံစိတ်ချမှုရှိရှိ၊ အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး ဖြစ်သကဲ့သို့ သက်ဆိုင်ရာပြည်သူများအတွက် လူနေမှုဘဝ ပြည့်စုံလုံခြုံမှု (Quality of Life) ရရှိရေးတို့မှာ လိုအပ်ချက်ဖြစ်လာသည်။

ထို့ကြောင့်လည်း နိုင်ငံတော်အကြီးအကဲ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ထိပ်သီးညီလာခံကြီးတွင် မိန့်ခွန်းပြောကြားရာ၌-

"ဘန်ဒေါင်းညီလာခံကြီးကို မူလစတင်တက်ရောက်ခဲ့ကြတဲ့ နိုင်ငံ ၂၉ နိုင်ငံထဲမှာ ပါခဲ့တဲ့အတွက် မြန်မာနိုင်ငံအနေနဲ့ ဂုဏ်ယူမိပါတယ်။ ညီလာခံဖြစ်မြောက်ရေးအတွက် စည်းရုံးလှုပ်ရှားခဲ့တဲ့ ကိုလံဘို ငါးနိုင်ငံ စာရင်းမှာပါဝင်ခဲ့ရတဲ့အတွက်လည်း ဂုဏ်ယူကြောင်း ပြောကြားလိုပါတယ်"

"ဘန်ဒေါင်းညီလာခံက ချမှတ်ခဲ့တဲ့ အခြေခံမူ ၁၀ ချက်ဟာ ကျွန်တော်တို့လို ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံးအတွက် အစဉ်တန်ဖိုးထားရမယ့် မူကြီးများအဖြစ် သမိုင်းဝင်နေမှာဖြစ်တယ်။ အဲဒီအခြေခံမူကြီး ၁၀ ချက်ကို ကျွန်တော်တို့တစ်တွေဟာ အစဉ်စောင့်ထိန်း လိုက်နာသွားကြဖို့လည်း တိုက်တွန်းလိုပါတယ်"

"ယနေ့ကမ္ဘာကြီးဟာ ၁၉၅၅ ခုနှစ်ကထက် များစွာပြောင်းလဲနေပြီ ဖြစ်ပါတယ်။ အာရှ-အာဖရိကနိုင်ငံအားလုံး လွတ်လပ်ရေးရခဲ့ကြပြီး ရှေ့ဆက်လျှောက်လှမ်းနိုင်ခဲ့တာဟာ ကျေနပ်ဖွယ် အလွန်ကောင်းပါတယ်။ ...ဒါပေမယ့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနဲ့ လူသားများ လုံခြုံမှုမရှိဘဲ နိုင်ငံရေး လွတ်လပ်မှုရခြင်းဟာ ပိုမိုမျှတတဲ့ ကမ္ဘာကြီးကို လိုလားတဲ့ ကျွန်တော်တို့ ပြည်သူများရဲ့ မျှော်မှန်းချက်များကို အပြည့်အဝ ဖြည့်ဆည်းမပေးနိုင်ခဲ့ပါ" ဟူ၍ ဘန်ဒေါင်းညီလာခံ၏ အရေးပါမှုနှင့်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ▶

စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ သစ်စေ့ပျိုးပွဲတော် ကျင်းပ

ရန်ကုန် မေ ၁၈

စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ၂၀၀၅ခုနှစ် သစ်စေ့ပျိုးပွဲတော်ကို မေ ၁၅ရက် နံနက် ၇နာရီတွင် မုံရွာမြို့ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ရုံးဝင်းအတွင်း၌ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဇနီး စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင်၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စည်ပင် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် စစ်ကိုင်းတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်ရီရီလွင်က သစ်စေ့ပျိုးပွဲတော်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဇနီး ဒေါ်ဝေဝေခိုင်နှင့် တက်ရောက်လာကြသူများက သစ်စေ့များ ပျိုးပေးကြသည်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ၂၀၀၅ခုနှစ် သစ်ပင်စိုက်ပျိုးပွဲတွင် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဇနီး ဒေါ်ဝေဝေခိုင်တို့ သစ်စေ့များ စိုက်ပျိုးပေးနေစဉ်။ (မုံရွာ/ပြန်ဆက်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အိန္ဒိယကုမ္ပဏီ အထွေထွေမန်နေဂျာ လာရောက်တွေ့ဆုံ

ရန်ကုန် မေ ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ The Printers House (P) Ltd. မှ အထွေထွေမန်နေဂျာ Mr. Yogesh M. Kharbanda နှင့် အဖွဲ့သည် ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးအောင်ငြိမ်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်၊ ရုံးအဖွဲ့မှူး ဦးရဲတင့်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ The Printers House(P) Ltd. မှ အထွေထွေမန်နေဂျာ Mr. Yogesh M. Kharbanda နှင့် အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

အဘိဓမ္မာပဋ္ဌာန်းသဘင် တရားပွဲများကျင်းပမည်

ရန်ကုန် မေ ၁၈

ဘဝနတ်ထံပျံလွန်တော်မူသွားသော တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် မြန်မာသီရိလင်္ကာရာမကျောင်းတိုက် ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော် အပူဇော်ခံထားရှိသည့် မြန်မာသီရိလင်္ကာရာမကျောင်းတိုက် အလယ်ဓမ္မာရုံကြီး၌ အဘိဓမ္မာပဋ္ဌာန်း တရားပွဲများ ကျင်းပလျက်ရှိရာ မေ ၁၉ရက်ညတွင် မြန်မာသီရိလင်္ကာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသအရှင်သူမြတ်ကလည်းကောင်း၊ မေ ၂၀ရက် ညတွင် သာကေတမြို့နယ် မဇ္ဈိမဂုဏ်ရည်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကောဝိဒအရှင်သူမြတ်ကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်၍ ကြွရောက်တရားနာယူနိုင်ရန် နှိုးဆော်ထားကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ် နှိမ်နင်းရေးနှိုးဆော်ချက်

၁။ မိုးရာသီအတွင်း အသက်၃နှစ်မှ ၁၄နှစ်အထိ ကလေးငယ်များတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်လျှင် ရင်သွေးငယ်များအသက်ဆုံးပါးသည်အထိဖြစ်နိုင်သဖြင့် မိမိတို့၏ ရင်သွေးများရောဂါဘယကင်းဝေးစေရန် သွေးလွန်တုပ်ကွေးရောဂါကြိုတင် ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသောခြင်ပုန်း၊ ခြင်ကျား အကိုက်ခံရခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျားမပေါက်ပွားစေရန် မိမိတို့ ရင်သွေးငယ်များခြင်ကိုက် မခံရစေရန် အောက်ပါအတိုင်းဆောင်ရွက်ကြပါရန်နှိုးဆော်အပ်ပါသည်။

လိုက်နာရမည့်အချက်များ

(က) ရေစည်ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားပါ။

(ခ) ပန်းအိုး၊ ညောင်ရေအိုးတို့မှရေကိုနေ့စဉ်လဲလှယ်ပေးပါ။

(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့် ခပ်ထုတ်ပစ်ပါ။

(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့ စသည်တို့ကို ဖယ်ရှားရှင်း လင်းပါ။

(င) မိမိတို့အိမ်ရှေ့အိမ်နောက်တို့မှရေမြောင်းများအား ရေစီးရေလာကောင်းအောင်ရှင်းလင်းပါ။(လိုအပ်ပါက စည်ပင်သာယာရေးအဖွဲ့၏ အကူအညီကိုယူပါ။)

(စ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သောမြေနိမ့်များကိုဖို့ပါ။

(ဆ) အလင်းရောင်ရရှိရန်တံခါးများကို နေ့ခင်းပိုင်းတွင်ဖွင့်ထားပါ။

(ဇ) အိမ်တွင်း၊ အိမ်ပြင်သန့်ရှင်းအောင်ထားပါ။

(ဈ) ကလေးများနေ့လယ်အိပ်ချိန်တွင် ခြင်ထောင်ဖြင့်သိပ်ပါ။

(အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်၊ ထဘီ၊ ပုဆိုး စသည်တို့ကို ဝတ်ဆင်ထားပေးပါ။)

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ခြင်များမပေါက်ပွားစေရန် ဆေးဖျန်းခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြပါရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

စာမျက်နှာ ၆ ဆောင်းပါးမှ အဆက်

ပိုမိုတရားမျှတသော ကမ္ဘာကြီးဖြစ်ပေါ်ရေးဆိုသည့် လူသားများ၏ မျှော်လင့်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ညီလာခံသို့တက်ရောက်လာကြသော နိုင်ငံအသီးသီးမှ ခေါင်းဆောင်များကလည်း ရရှိသော အချိန်ကာလအတွင်း မိန့်ခွန်းများပြောကြားကြသည်။ ညီလာခံကျင်းပနေစဉ် နှစ်ရက်အတွင်း သီးခြားအချိန်ရာကြပြီး ခေါင်းဆောင်အချင်းချင်းလည်း တွေ့ဆုံဆွေးနွေးကြသည်။ မြန်မာနိုင်ငံခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာကိုဖီအာနန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုယိုနိုတို့နှင့် သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့သလို ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာကိုအိဇုမိ၊ စင်ကာပူ သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်းလုံးတို့နှင့်လည်း တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

၂၀၀၅ ခုနှစ် အာရှ-အာဖရိက ထိပ်သီးညီလာခံသည် အကျိုးဖြစ်ထွန်းသော သမိုင်းဝင်ညီလာခံကြီးဖြစ်သည်။ ညီလာခံကြီးက အာရှ-အာဖရိက မဟာဗျူဟာမိတ်ဖက်သစ်ကြေညာချက် (Declaration on a "New Asian-African Strategic Partnership") **နှင့် ဆူနာမီ ဘေးအန္တရာယ်ဆိုင်ရာ ကြေညာချက်တို့ကို အတည်ပြုနိုင်ခဲ့သည်။**

မဟာဗျူဟာမိတ်ဖက်သစ်သည် အာရှ-အာဖရိကနိုင်ငံများအကြား နိုင်ငံရေးအရ သွေးစည်းညီညွတ်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် လူမှုရေး-ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် တပ်လှန့်နှိုးဆော်ထားပြီး ဒေသနှစ်ခုလုံး၌ ဆင်းရဲနွမ်းပါးမှု လျော့နည်းကျဆင်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရန် ဖော်ညွှန်းထားသည်။

ထို့အပြင် အာရှ-အာဖရိက ထိပ်သီးညီလာခံကို လေးနှစ်တစ်ကြိမ် ကျင်းပသွားရန်နှင့် နောက်တစ်ကြိမ် ထိပ်သီးညီလာခံကို တောင်အာဖရိကနိုင်ငံ၌ ကျင်းပရန် သဘောတူညီခဲ့ကြသည်။

၁၉၅၅ ခုနှစ် အာရှ-အာဖရိက ဘန်ဒေါင်းကွန်ဖရင့်သည် အနှစ်(၅၀)ကြာသည့်တိုင်အောင် ရှင်သန်အကျိုးသက်ရောက်နေသကဲ့သို့ ၂၀၀၅ ခုနှစ် အာရှ-အာဖရိက ထိပ်သီးညီလာခံသည် အာရှ-အာဖရိက ဒေသနှစ်ခုအကြား အပြန်အလှန်နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်အောင် အားပေးအထောက်အကူပြုနိုင်မှာ ဖြစ်သည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြောကြားသည့်မိန့်ခွန်း၌-

"ဘန်ဒေါင်းအသိစိတ်ဓာတ်ဟာ ဆက်လက်စပ်ဆိုင်နေပြီး ဒေသနှစ်ခုအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုအတွက် အင်အားတစ်ရပ်အဖြစ် ရှိနေဆဲဖြစ်ပါတယ်။ ဒေသဆိုင်ရာ ဆွေးနွေးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတို့အတွက် ထိရောက်ပြီး ရေရှည်တည်တံ့တဲ့ ယန္တရားတစ်ခု ထူထောင်ဖို့ ကျွန်တော်တို့အနေနဲ့ ခုချိန်ခါမှာ ဝိုင်းဝန်းကြိုးပမ်းဖို့ လိုအပ်ပါတယ်"

ဟု ပါရှိပြီးဖြစ်ရာ ရှင်သန်နေဆဲဖြစ်သည့် ဘန်ဒေါင်းမူကြီးများကို လိုက်နာရင်း အာရှ-အာဖရိကတိုက်ကြီး နှစ်တိုက်အကြား ခိုင်မာသည့် မဟာဗျူဟာမိတ်ဖက်သစ်ကို လက်တွေ့ကျ၍ ရေရှည်အကျိုးဖြစ်ထွန်းနိုင်သော ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဆက်လက်ထူထောင်သွားကြရမှာဖြစ်ကြောင်း တင်ပြလိုက်ပါသည်။ ။

✧ **မြို့နယ်လူဦးရေမှ**

လုပ်ငန်းများအောင်မြင်စေရေးအတွက် ခရိုင်ကြီးကြပ်ရေးအဖွဲ့များ ထပ်ဆင့်ဖွဲ့စည်းပြီး ခိုင်ခိုင်မာမာ ရပ်တည်နိုင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိနေကြောင်း။

ရန်ကုန်တိုင်းအတွင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများသည် ၂၀၀၄ ခုနှစ်အတွင်းတွင် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၏ ပံ့ပိုးမှုဖြင့် အသင်းကြီးက ချမှတ်ထားသော လုပ်ငန်းစဉ်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်ကိုတွေ့ရကြောင်း။

ပထမဆုထပ်မံဆွတ်ခူး

၂၀၀၄ ခုနှစ်တွင် ရန်ကုန်တိုင်းသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီးက ချီးမြှင့်သော ပထမဆုကိုထပ်မံ၍ အောင်အောင်မြင်မြင် ဆွတ်ခူးရရှိခဲ့ကြောင်း၊ ယခုကဲ့သို့ ဆုကြီးကို ရရှိနိုင်ခြင်းသည် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဦးဆောင်၍ မြို့နယ်အားလုံးက တက်တက်ကြွကြွ စည်းစည်းလုံးလုံး ကြိုးစားဆောင်ရွက်ကြသည့်အတွက် ထိုက်ထိုက်တန်တန်ရရှိခဲ့ခြင်းဖြစ်ရာ မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါကြောင်း။

လူမှုရေးပြုစုပျိုးထောင်မှုသည် အခြားနယ်ပယ်များ တိုးတက်စေရေးအတွက် အခြေခံကျသော လုပ်ငန်းစဉ် တစ်ရပ်ဖြစ်ကြောင်း၊ အနာဂတ်ကို ကြိုတင်ပျိုးထောင်ပေးခြင်းဖြစ်သကဲ့သို့ အမျိုးသားရေးအဓိပ္ပာယ် ပြည့်လျှမ်းနေသော အမျိုးသားရေးလုပ်ငန်းတစ်ရပ်ဖြစ်သည်ကို ပြောကြားလိုကြောင်း၊ အသင်းကြီး၏ ရည်မှန်းချက်ဖြစ်သော မိခင်နှင့်ကလေးများ၏ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများ မြင့်မားတိုးတက်စေခြင်းဖြင့် ပြည်သူလူထု၏ ဘဝမြင့်မားစေရေး အခြေခံအုတ်မြစ်ကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်မှာဖြစ်ကြောင်း။

တိုးမြှင့်စည်းရုံး

မြို့နယ်များကို မှာကြားလိုသည်မှာ အသင်းကြီး၏ ရည်မှန်းချက်အောင်မြင်စေရေးအတွက် မိမိတို့ မြို့နယ်အသင်းများတွင် ရာသက်ပန်အသင်းဝင် တိုးမြှင့်စည်းရုံးနိုင်အောင် တတ်နိုင်သမျှ ကြိုးစားကြရန်ဖြစ်ကြောင်း၊ ၂၀၀၄ ခုနှစ်၏ ရာသက်ပန်အသင်းဝင်ဦးရေသည် နှစ်သိန်းလေးသောင်းကျော်ရှိပြီး သာမန် အသင်းသားပေါင်းသည် လေးသိန်းနှစ်သောင်းနီးပါးခန့်ရှိသည့်အတွက် စုစုပေါင်းဦးရေ ခြောက်သိန်းခြောက်သောင်းကျော်ခန့်ရှိနေကြောင်း၊ မြို့နယ်များအနေဖြင့် အဓိကရည်မှန်းချက် ထားရှိရန်မှာ မြို့နယ်လူဦးရေ၏ ၁၀ရာခိုင်နှုန်းသည် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ရာသက်ပန်အသင်းဝင်ဖြစ်နိုင်ရေးအတွက် ဆောင်ရွက်ကြရန်နှင့် မိမိတို့တွင်ရှိသော ရပ်ကွက်နှင့် ကျေးရွာတိုင်း၌ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲများဖြစ်အောင် တိုးမြှင့်စည်းရုံးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

(၁၅)ကြိမ်မြောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းကြီး၏ နှစ်ပတ်လည် ညီလာခံတွင် ၂၀၀၅ ခုနှစ်အတွင်း ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကိုချမှတ်ရာ၌ နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးအဖြစ် သိမ်မွေ့ညင်သာစွာ ကူးပြောင်းနိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်တွင် ပါဝင်ဆောင်ရွက်ရန် ပထမဆုံး ရှေ့လုပ်ငန်းစဉ်အဖြစ် ချမှတ်ခဲ့ပါကြောင်း။

ထို့ကြောင့် ရန်ကုန်တိုင်း မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းများသည် မိခင်နှင့်ကလေးကို ဗဟိုပြုပြီး မိသားစုကို အခြေခံသည့် လူမှုရေးကဏ္ဍ ဖွံ့ဖြိုးမှုများကတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ မိမိနိုင်ငံ မိမိလူမျိုးတို့၏ တည်ငြိမ်ခိုင်မာသော အနာဂတ်နှင့်တကွ အမျိုးသားရေးဂုဏ်သိက္ခာ မြင့်မားခိုင်ကျည်မှုပြည်ထောင်စုကြီး အစဉ်ထာဝရ တည်တံ့ခိုင်မြဲမှုတို့ကို အာမခံနိုင်မည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ် အောင်မြင်စွာ အကောင်အထည်ပေါ်စေရေးအတွက် ကျရာတာဝန်ကို တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန်တို့ကို အလေးအနက် တိုက်တွန်းမှာကြားလိုကြောင်း။

ရန်ကုန်တိုင်း မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများသည် ယခုကဲ့သို့ကောင်းမြတ်သော အစဉ်အလာကို သမိုင်းတွင်ရစ်စေရန် ဆက်လက်ထိန်းသိမ်းနိုင်ပြီး တိုင်းနှင့်ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့များ၏ ကြီးကြပ်ပံ့ပိုးမှုကိုခံယူကာ လုပ်ငန်းများကို တက်ညီလက်ညီ ကြိုးစားလုပ်ဆောင်ကြရန်နှင့် ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဆင့်ဆင့်ကလည်း ဆက်လက်၍ ပံ့ပိုးကူညီ ဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး က ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ လူမှုရေး၊ပညာရေး၊ ကျန်းမာရေးကဏ္ဍစုံမှ လှုပ်ရှားမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ၂၀၀၄ ခုနှစ် နှစ်ပတ်လည် ထူးချွန်ဆုချီးမြှင့်ပွဲတွင် ဆုရရှိခဲ့ကြသော မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများအား ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဘက်စုံလှုပ်ရှားမှု ထူးချွန်ဆု၌ ပထမရရှိသော တောင်ဥက္ကလာပမြို့နယ်၊ ဒုတိယရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ပူးတွဲတတိယရရှိကြသော ကျောက်တန်းမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့အား ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ဆုများပေးအပ်

ဆက်လက်၍ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ထူးချွန်ဆု၌ ပထမရရှိသော ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒုတိယရရှိသော ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်နှင့် တတိယရရှိသော သန်လျင်မြို့နယ်တို့အားလည်းကောင်း၊ လူမှုရေးထူးချွန်ဆု၌ ပထမရရှိသော ဗဟန်းမြို့နယ်၊ ဒုတိယရရှိသော ရန်ကင်းမြို့နယ်နှင့် တတိယရရှိသော မင်္ဂလာဒုံမြို့နယ်တို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပညာရေးလှုပ်ရှားမှုထူးချွန်ဆု၌ ပထမရရှိသော အလုံမြို့နယ်၊ ဒုတိယရရှိသော ခရမ်းမြို့နယ်နှင့် တတိယရရှိသော မင်္ဂလာတောင်ညွန့်မြို့နယ်၊ သားဖွားခန်းဆောင်ရွက်မှုထူးချွန်ဆု၌ ပထမရရှိသော ဒေါပုံမြို့နယ်၊ ဒုတိယရရှိသော လှိုင်မြို့နယ်နှင့် တတိယရရှိသော မြောက်ဥက္ကလာပမြို့နယ်တို့အား ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်က ဆုများပေးအပ်ချီးမြှင့်ပြီး အခမ်းအနား ပထမပိုင်းအစီအစဉ်များကို ခေတ္တရပ်နားသည်။

ယင်းနောက် အခမ်းအနားဒုတိယပိုင်းအစီအစဉ်များကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်က ၂၀၀၅ ခုနှစ်တွင် ဆောင်ရွက်ရမည့်ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများက ၂၀၀၄ ခုနှစ် လုပ်ငန်းအစီရင်ခံစာများကို ရှင်းလင်းတင်ပြကြပြီး အခမ်းအနားကို ရပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရွှေတိဂုံစေတီတော် (၂၂)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၈

မြတ်ဗုဒ္ဓ၏ ကိုယ်ပွားတော် ပရိဘောဂစေတီတော်ဖြစ်သည့် မဟာဗောဓိညောင်ပင်အား ပူပြင်းခြောက်သွေ့သည့် နွေရာသီတွင် ညောင်ရေသွန်းလောင်းခြင်းဖြင့် လေးမြတ်ကော်ရော် ပူဇော်လှူဒါန်းသော (၂၂)ကြိမ်မြောက် ရွှေတိဂုံစေတီတော် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို ၁၃၆၇ခုနှစ် ကဆုန်လပြည့်နေ့၊ မေ ၂၂ ရက် နံနက် ၇ နာရီတွင် ရင်ပြင်တော် အင်္ဂါထောင့်ရှိ မဟာဗောဓိပင်၌ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဂေါပကအဖွဲ့ရုံးဝန်ထမ်းများပါဝင်၍ အခမ်းအနားဖြင့် ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။

ထို့နောက် အခမ်းအနားပြီးဆုံးပါက ဘုရားဖူးပရိသတ်များက ရင်ပြင်တော်ထောင့်လေးထောင့်ရှိ မဟာဗောဓိပင်များတွင် ညောင်ရေသွန်းလောင်းပူဇော်ကြမည်ဖြစ်သည်။ (သတင်းစဉ်)

❍ **စစ်ကိုင်းမှ**

ဆက်လက်၍ စစ်ဦးစီးမှူး (ပထမတန်း) ဒုတိယဗိုလ်မှူးကြီးဌေးဝင်းနှင့် မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်စိန်တို့က လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းပေး

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီး ဝန်ကြီးက ပျိုးပင်များ လုံလောက်စွာရရှိရေးနှင့် သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနတို့က ဆောင်ရွက်ရမည့် တာဝန်များကို ရှင်းလင်းမှာကြားသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် မိုင်တိုင်အမှတ် ၀/၆၀ မှ ၂/၆၀ ရှိ ကွက်လပ်ဖြည့် စိုက်ပျိုးရန် ပြင်ဆင်ထားရှိမှုများကိုလည်းကောင်း၊ မိုင်တိုင်အမှတ် ၅/၇၃ ရှိ ဗောဓိတစ်ထောင်ဖြတ်လမ်းဝဲ/ယာသစ်ပင် စိုက်ပျိုးထားရှိမှု အခြေအနေများကိုလည်းကောင်း၊ မုံရွာမြို့အဝင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနက စိုက်ပျိုးထားသော တစ်အုပ်တစ်မ စိုက်ခင်းမှ တစ်နှစ်သက်တမ်းရှိ စိုက်ပျိုးပင်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် အရာတော်မြို့နယ် ဦးစီးမှူးရုံးသို့ ရောက်ရှိရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်အေး၊ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းတို့က မုံရွာ–ရွှေဘို ဖြတ်လမ်းဝဲ/ယာ သစ်ပင်စိုက်ပျိုးမှု၊ ရှင်သန်မှု၊ ထိန်းသိမ်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးသည် ဝက်လက်မြို့နယ်ရေထွက်ပျိုးဥယျာဉ်ရှိရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်း၊ ညွှန်ကြားရေးမှူး ဦးစိုးလှ၊ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်တို့က စစ်ကိုင်း–ရွှေဘိုလမ်း ဝဲ/ယာ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ဆောင်ရွက်ပေးပြီး ပျိုးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် ရွှေဘိုမြို့သို့ ထွက်ခွာပြီး လမ်းဘေး ဝဲ/ယာ တစ်လျှောက်သစ်ပင်များရှင်သန်မှုနှင့် ကွက်လပ်ဖြည့်ရန် လိုအပ်သည့်နေရာများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် ရွှေဘို–စစ်ကိုင်းလမ်း မိုင်တိုင်အမှတ် ၃/၄၄ မှ ၇/၄၆ ထိ သစ်ပင်များ ကွက်လပ်ဖြည့် စိုက်ပျိုးရန် ပြင်ဆင်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ မိုင်တိုင်အမှတ် ၃/၄၃ မှ ၂/၄၄ ထိ သစ်ပင်များ စိုက်ပျိုးရန် ပြင်ဆင်ထားရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းပေး

ဝန်ကြီးသည် ညနေပိုင်းတွင် အမရပူရမြို့ အမှတ်(၂)ပုံဖော်စက်ရုံဝင်းအတွင်း သစ်ပါးလွှာနှင့် သစ်အခြေခံကုန်ချောစက်ရုံတည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ မိုမင်တန်ထရေးဒင်း အင်တာပရိုက်စ်လီမိတက်မှ တာဝန်ခံ ဦးကြည်စိန်က စက်ရုံတည်ဆောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက်ဝန်ကြီးသည် တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်းပြီးစီးရေး၊ အရည်အသွေး ကောင်းမွန်သည့် စက်များ တပ်ဆင်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြား ဖြည့်ဆည်းပေးသည်။ (သတင်းစဉ်)

သမဝါယမဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းအား ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ညှိနှိုင်းရေးမှူး တွေ့ဆုံ

ရန်ကုန် မေ ၁၈

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Charles James Petrie သည် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သမဝါယမဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ (အပေါ်ပုံ)

ထိုသို့တွေ့ဆုံရာတွင် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့်အတူ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်း၊ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဗိုလ်မှူးကြီးလှမိုးနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

အထက(၄) ပခုက္ကူသို့ ကွန်ပျူတာ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၁၈

သာသနာရေးဝန်ကြီးဌာန ဝန်ကြီးက ပခုက္ကူမြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းသို့ လှူဒါန်းသော ကွန်ပျူတာတစ်စုံ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၂၈ရက် နံနက် ၉နာရီတွင် ပခုက္ကူမြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ နယ်မြေခံ တပ်မဌာနချုပ်မှ တပ်မတော် အရာရှိကြီးများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ဆရာ၊ဆရာမများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နယ်မြေခံတပ်မဌာနချုပ်မှ ဗိုလ်မှူးကြီးသိန်းတန်က သာသနာရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ကွန်ပျူတာလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီးဦးကျော်ရွှေက လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (သတင်းစဉ်)

လေပြင်းတိုက်ခတ်မည့် သတိပေးချက်ထုတ်ပြန်

ရန်ကုန် မေ ၁၈

အနောက်တောင်မုတ်သုံလေ မကျရောက်မီကာလအတွင်း မြန်မာနိုင်ငံ အရပ်ရပ်တို့တွင် နေ့အပူချိန်များ သိသိသာသာ တိုးတက်လာမည်ဖြစ်ရာ မွန်းလွဲ ညနေပိုင်းတို့၌ အချို့နေရာများတွင် နေရာကွက်၍ လေပြင်းများ တိုက်ခတ်နိုင်ပါသည်။ လေပြင်းကျစဉ် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ အထိ ခေတ္တမျှတိုက်ခတ်နိုင်ပြီးတစ်ခါတစ်ရံမိုးသက်လေပြင်းနှင့်အတူ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတိပေးချက်ထုတ်ပြန်သည်။ (သတင်းစဉ်)



ရန်ကုန်မြို့တော် ဆင်ခြေဖုံးခရီးသွားလာမှု လွယ်ကူချောမွေ့ရေး မြို့ပတ်ရထားလမ်း တိုးချဲ့ဖောက်လုပ်ပြေးဆွဲရန် စီစဉ်လျက်ရှိ

ရန်ကုန် မေ ၁၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ၂၀၀၅ခုနှစ် ပထမလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တက်ရောက်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အစည်းအဝေးသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း မိတ္ထီလာမှ ကျောင်းအုပ်ကြီးနှင့် အကြံပေးပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ ဒုတိယအကြီးအကဲများ၊ ပြည်နယ်/တိုင်းများမှ အရာရှိများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှင်းလင်းမှာကြား

အစည်းအဝေးတွင် ဝန်ကြီးက လက်ရှိဆောင်ရွက်နေသော နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်း အရပ်ရပ်အား ရှင်းလင်းပြောကြားပြီးနောက် မိမိတို့ဝန်ကြီးဌာနအပိုင်းမှ တာဝန်ယူဆောင်ရွက်သွားရမည့် စီမံကိန်းလုပ်ငန်းကြီးများ အောင်မြင်တိုးတက်ရေးအတွက် လုပ်ငန်းအလိုက် လျာထားချက် ပြည့်မီကျော်လွန်ရေး၊ အကြံသစ် ဉာဏ်သစ်များဖြင့် ဆောင်ရွက်ကြရန်၊ ငွေကြေးသုံးစွဲရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ၊ စိစိစစ်စစ် သုံးစွဲရန်၊ စက်သုံးဆီများ လေလွင့်မှုမရှိရေးနှင့် အကျိုးရှိရှိသုံးစွဲရေး စီမံကြပ်မတ်ရန်လိုကြောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသည်နှင့် ကုန်စည် ပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုအပိုင်းကဏ္ဍမှ ပါဝင်ထမ်းဆောင်လျက်ရှိပါကြောင်း၊ မြန်မာ့မီးရထားအနေဖြင့် မပြီးပြတ်သေးသော စီမံကိန်းလုပ်ငန်းများကို ပြီးပြတ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ များမကြာမီကာလ၌ ဆောင်ရွက်ပြီးစီးမည်ဖြစ်ကြောင်း၊ ၂၀၀၄-၂၀၀၅ ခုနှစ် ဝင်ငွေလျာထားချက်နှင့် စွမ်းဆောင်ချက်တို့အရ ဝင်ငွေတိုးတက်ရေး ဆောင်ရွက်နိုင်ခဲ့သော်လည်း လျာထားချက်မပြည့်မီသေးသဖြင့် လာမည့်နှစ်တွင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု ပိုမိုတိုးတက်ကောင်းမွန်ရေး ကြိုးပမ်းဆောင်ရွက်ရန်နှင့် တစ်မျိုးသားလုံး၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ဂျီဒီပီပြည့်မီစေရေး အတွက်အထူးကြိုးပမ်း ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ရန်ကုန်မြို့တော် ဆင်ခြေဖုံး ခရီးသွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် ရန်ကုန်မြို့ပတ်ရထားလမ်းကို တိုးချဲ့ဖောက်လုပ်ပြီး ရထားပြေးဆွဲရန် စီစဉ်ဆောင်ရွက်လျက်ကြောင်း၊ ရထားများ အချိန်မှန်ကန်စွာ ပြေးဆွဲနိုင်စေရေးနှင့် ရထားလမ်းကူးများတွင် မော်တော်ယာဉ်များ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရမှုများ မရှိစေရေးတို့အတွက် ခုံးကျော်တံတားများ ဆောက်လုပ်လျက်ရှိရာ ပါရမီခုံးကျော်တံတား၊ နာနတ်တော ခုံးကျော်တံတားများကို သတ်မှတ်ကာလထက်စောပြီး ဆောက်လုပ်ပြီးစီးတည်ဆောက်ကာ ကျောက်ရေတွင်း ခုံးကျော်တံတားကိုလည်း တည်ဆောက်နေပြီဖြစ်ကြောင်း၊ နိုင်ငံတော် အကြီးအကဲ၏ လုပ်ငန်းလမ်းညွှန်ချက်နှင့်အညီ မိမိတို့၏ လုပ်ငန်းတာဝန် အသီးသီးကို ထိရောက်အောင်မြင်အောင်၊ အရည်အသွေးကောင်းအောင် အထူးကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

လုံခြုံရေးသတိ

ရန်ကုန်မှ မန္တလေးအကြား ရထားလမ်းအမြန်နှုန်းများ မြှင့်တင်နိုင်ရေးအတွက် ဒွေးလမ်း ဆက်လက်ဖောက်လုပ်လျက်ရှိပြီး ရထားလမ်းပိုင်း ကြံ့ခိုင်ရေးအတွက် လိုအပ်သော ကွန်ကရစ် ဇလီဖားနှင့် လမ်းခင်းကျောက်များကို ပိုမိုထုတ်လုပ် ထည့်သွင်းသွားလာရေး ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ ဘူတာများ၊ ရုံးများ၊ စက်ရုံများ၊ ကုန်ရုံများနှင့် ရထားများ၏ လုံခြုံရေးအတွက် စီမံချက် ရေးဆွဲဆောင်ရွက်ကြပြီး ရုံးချုပ်များကလည်း လက်အောက်ဌာနများ၏ လုံခြုံရေးအတွက် လိုအပ်သည်များကို ပံ့ပိုးပြီး ကြပ်မတ်သွားကြရန် ဖြစ်ကြောင်း၊ အဖျက်သမားအန္တရာယ်ကို ကာကွယ်ရန် မိမိတို့ဝန်ထမ်းများ၊ မိသားစုများအကြား လုံခြုံရေးသတိရှိစေရန်၊ ပြည်ထောင်စုစိတ်ဓာတ် ပြန့်ပွားခိုင်မာစေရန်တို့အတွက် ဆောင်ရွက်ကြိုးပမ်းရမှာဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ ဒို့တာဝန် အရေးသုံးပါးပင်ဖြစ်ကြောင်း စသည်ဖြင့် လုပ်ငန်းများ အရှိန်မြှင့်တင် အကောင်အထည်ဖော် ဆောင်ရွက်ကြရေးအတွက် ရှင်းလင်းမှာကြားသွားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် ဒုတိယဝန်ကြီး ဦးဖေသန်းတို့က လုပ်ငန်းရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရေးအတွက် ယခင်နှစ်အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်၍ လာမည့်ကာလတွင် ဦးတည်ဆောင်ရွက်သွားရမည့်လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ လိုအပ်ချက်များကို မှာကြားကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ကျောင်းအုပ်ကြီးနှင့် ရထားရဲတပ်ဖွဲ့မှူးတို့က မိမိတို့နှင့် သက်ဆိုင်သော လုပ်ငန်းဆိုင်ရာ သုံးသပ်ချက်နှင့် စီမံချက်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက်ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဝန်ထမ်းများအနေဖြင့် စည်းလုံးညီညွတ်စွာ စည်းကမ်းတကျ ပူးပေါင်းဆောင်ရွက်တတ်သည့် အစဉ်အလာကောင်းများ ထိန်းသိမ်းဆောင်ရွက်ကြရန်၊ ရထားမတော်တဆမှုများ လျော့နည်းရေးအတွက် ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ရထားလုပ်ငန်းများ အဆင့်မြှင့်တင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊ ဝန်ထမ်းများအားလုံး ရဲဘော်ရဲဘက်စိတ်ဖြင့် လုပ်ငန်းများ တိုးတက်မြင့်မားရေး ကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆုချီးမြှင့်

ယင်းနောက် မွန်းလွဲပိုင်းတွင် ဝန်ကြီးသည် ၂၀၀၄-၂၀၀၅ခုနှစ် အကောင်းဆုံးတိုင်း ပထမဆုရရှိသော တိုင်းအမှတ်(၃)၊ ဒုတိယဆုရရှိသော တိုင်းအမှတ်(၆)နှင့် တတိယဆုရရှိသော တိုင်းအမှတ်(၅)တို့အား လည်းကောင်း၊ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က အကောင်းဆုံးစက်ရုံဆု ရရှိသော စက်ခေါင်း စက်ရုံ-အင်းစိန်နှင့် သွားလာပို့ဆောင်ရေးဌာန၊ စီးပွားရေးဌာနတို့မှ အကောင်းဆုံးစာတမ်းဆု ပထမ၊ ဒုတိယ၊ တတိယရရှိသော အရာထမ်းများအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဖေသန်းက စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာနနှင့် မြို့ပြအင်ဂျင်နီယာဌာနတို့မှ အကောင်းဆုံး စာတမ်းဆု ပထမ၊ ဒုတိယ၊ တတိယ ရရှိသော အရာထမ်းများအား လည်းကောင်း အသီးသီး ဆုချီးမြှင့်ကြသည်။

ထို့နောက် မြန်မာ့မီးရထား တိုင်းအရာရှိများက တိုင်းအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြကြပြီး သက်ဆိုင်ရာဌာန အထွေထွေမန်နေဂျာများကလည်း ဌာနအလိုက် လုပ်ငန်းသုံးသပ်ချက်နှင့် စီမံချက်များကို ဆွေးနွေးတင်ပြကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

ရန်ကုန် မေ ၁၈

လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၉-၅-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၅ ၆။ အဆိုပြိုင်ပွဲ
- ၈:၁၀ ၇။ အကပဒေသာ
- ၈:၂၀ ၈။ ဟင်းရွက်ရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Happy and Educational English Summer Course MRTV.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅:၄၀ ၈။ **"မပြောမပြီးမတီးမမြည်"** (နေရဲလင်း၊မောင်မောင်မြင့်၊ ရှင်ဖုန်းအိမ့်ချယ်၊မိုးဇော်၊ ခိုင်ဆုသွယ်) [ဒါရိုက်တာ-မောင်မောင်မြင့်]
- ၆:၀၀ ၉။ တေးဂီတအစီအစဉ်
- ၆:၁၅ ၁၀။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သောညီမ"(အပိုင်း-၃၁)**
- ၇:၃၅ ၁၄။ တေးဂီတအစီအစဉ်
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ(ရာမာယဏဇာတ်တော်ကြီးပြိုင်ပွဲ)(ဒုတိယပိုင်း) (ဒုတိယဆု)(ရန်ကုန်တိုင်း)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် ရာနှုန်းပြည့်ကျောင်းနေနိုင်ရေး မျှော်မှန်း ဝန်ကြီး ဦးသန်းအောင် ကျောင်းအပ်နှံရေးနေ့ အခမ်းအနား၌ အမှာစကားပြောကြား

ရန်ကုန် မေ ၁၈

အမှတ်(၃) အခြေခံပညာဦးစီးဌာန မော်ဘီမြို့နယ် အောင်မင်္ဂလာ အခြေခံပညာမူလတန်းကျောင်း ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် အဆိုပါကျောင်းခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင် တက်ရောက်၍ အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးမြသိန်းက မော်ဘီမြို့နယ်၏ ကျောင်းအပ်နှံမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးက ကျောင်းသမိုင်းအကျဉ်း၊ သူငယ်တန်း ကျောင်းအပ်နှံမှု အခြေအနေနှင့် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် ဝန်ကြီး ဦးသန်းအောင်က အမှာစကားပြောကြားရာ၌ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးလုပ်ငန်းစဉ်ကို ၁၉၉၉-၂၀၀၀ ပညာသင်နှစ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ နှစ်စဉ် ကျောင်းဝင်နှုန်း တိုးတက်မြင့်မားလာခဲ့ကြောင်း၊ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်က ကျောင်းဝင်နှုန်း ၉၆ဒသမ ၅၆ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် ရာနှုန်းပြည့် ကျောင်းနေနိုင်ရေးအတွက် မျှော်မှန်းထားကြောင်း။

ယခုကဲ့သို့ ကျောင်းဝင်နှုန်း တိုးတက်မြင့်မားလာခြင်းမှာ ဗဟိုအဆင့်မှ ရပ်ကွက်၊ ကျေးရွာအဆင့်အထိ ကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်း၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များနှင့် ပညာရေးဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ယခု ပညာသင်နှစ်တွင်လည်း ရာနှုန်းပြည့် ကျောင်းနေနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားသည်။

ပေးအပ်

ဆက်လက်၍ ဝန်ကြီးက ကျောင်းဝတ်စုံများကို ပေးအပ်ရာ ကျောင်းသားများကလည်းကောင်း၊ လက်ဆောင်စာအုပ်များကိုပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးကလည်းကောင်း လက်ခံကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များနှင့် မြန်မာနိုင်ငံ စာစစ်အဖွဲ့ဥက္ကဋ္ဌတို့က ကျောင်းဝတ်စုံများ၊ လွယ်အိတ်များ၊ ဗလာစာအုပ်များ၊ ခဲတံများနှင့် ပြဋ္ဌာန်းစာအုပ်များကို ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံကြသည်။

ဆက်လက်၍ ဝန်ကြီး ဦးသန်းအောင်ထံသို့ ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေးအတွက် အလှူရှင်များက အလှူငွေများပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ မော်ဘီမြို့နယ် ငါးခုံးမစမ်း အခြေခံပညာမူလတန်းကျောင်း ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၁၁နာရီတွင် အဆိုပါကျောင်းခန်းမ၌ကျင်းပရာ ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းနွယ်က ကျောင်းသမိုင်းအကျဉ်း၊ သူငယ်တန်း ကျောင်းအပ်နှံမှုအခြေအနေနှင့် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ပူးပေါင်းဆောင်ရွက်

ထို့နောက် ဝန်ကြီးက ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး လုပ်ငန်းစဉ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားပြီး ကျောင်းဝတ်စုံများ ပေးအပ်သည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ၏နောက်ဆုံးသီတင်းပတ်

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး။

ဗဟိုအလုပ်အမှုဆောင်ပိုလ်မှူးချုပ်အုန်းမြင့် မွန်ပြည်နယ်၌ အသင်းဝင်များနှင့်တွေ့ဆုံ

ဒေသဖွံ့ဖြိုးရေးကိစ္စများ ဆွေးနွေးမှာကြား

ရန်ကုန် မေ ၁၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်အုန်းမြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မေ၁၄ရက်တွင် မော်လမြိုင်သို့ထွက်ခွာ၍ မွန်းလွဲပိုင်းတွင် ကော့ခနိကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျန်းမာရေး၊ ပညာရေးနှင့်နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကျေးရွာစည်းရုံးရေးမှူးက အသင်းဝင် အဆိုပြုလွှာ ၁၁၉၄စောင်ကို ပေးအပ်သည်။

ထို့နောက် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးက ကျေးရွာဥက္ကဋ္ဌအား ပညာသင်ထောက်ပံ့ငွေများပေးအပ်ပြီး ဗဟိုအလုပ်အမှုဆောင်က ကျေးလက်ဒေသလမ်းအတွက် အလှူငွေများ ပေးအပ်သည်။

တွေ့ဆုံမှာကြား

ဗဟိုအလုပ်အမှုဆောင်သည် ညနေပိုင်းတွင် ဖားအောက်ကျေးရွာ ဓမ္မဒဿီဓမ္မာရုံ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံမှာကြားပြီး အသင်းဝင်အဆိုပြုလွှာ ၄၁၃၈စောင်ကို လက်ခံသည်။

မေ၁၅ရက် နံနက်ပိုင်းတွင် ချောင်းဆုံမြို့နယ် ရွာလွတ်တိုက်နယ် အထက်တန်းကျောင်း၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံရာ ရှေးဦးစွာ ကျေးရွာစည်းရုံးရေးမှူးက ကျေးရွာအတွင်း ဆောင်ရွက်ထားရှိမှုများ၊ လူမှုရေးအသင်းအဖွဲ့များ၏ ဆောင်ရွက်ချက်များကို တင်ပြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် အသင်းဝင်အဆိုပြုလွှာများကို လက်ခံပြီး ရွာလွတ်တိုက်နယ်ဆေးရုံ ဓာတ်ခွဲခန်း ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုအားပေးသည်။

ဗဟိုအလုပ်အမှုဆောင်သည် မွန်းလွဲပိုင်းတွင် ချောင်းဆုံမြို့နယ် ဖဖကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုအားပေး၍ ကျောင်းခန်းမ၌ ကျင်းပသည့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တွေ့ဆုံ၍ စည်းရုံးရေးဆိုင်ရာကိစ္စများကို ရင်းရင်းနှီးနှီးဆွေးနွေးသည်။

ဆက်ကပ်လှူဒါန်း

မေ၁၆ရက် နံနက်ပိုင်းတွင် သံဖြူဇရပ်မြို့နယ်၌ ကိုယ့်အားကိုယ်ကိုး ကတ္တရာနှင့် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ကြည့်ရှုအားပေးသည်။ အဆိုပါနေ့တွင် အောင်သာရာရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၊ ဝါခရကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံနှင့် ကွမ်လျာကျေးရွာ ဘုန်းတော်ကြီးကျောင်းတို့၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးကိစ္စများ ဆွေးနွေးမှာကြားသည်။ ထို့နောက် ဝါခရကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပိန္နဲတိုက်အထက်တန်းကျောင်းခွဲ၌ ဦးမောင်မောင်တင်နှင့် ဒေါ်ဆွေဆွေဝင်းမိသားစုက ကွန်ပျူတာတစ်စုံနှင့် ကျောင်းအတွက် ရန်ပုံငွေ ပေးအပ်လှူဒါန်းရာ ဗဟိုအလုပ်အမှုဆောင်နှင့် ကျောင်းအုပ်ကြီးတို့က လက်ခံကြသည်။

ပံ့ပိုးပေး

ဗဟိုအလုပ်အမှုဆောင်သည် ညနေပိုင်းတွင် မုဒုံမြို့ ကွမ်တုံရပ်ရှိ အခြေခံပညာမူလတန်းကျောင်း ဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် မုဒုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကိုယ့်အားကိုယ်ကိုးပြုပြင်မွမ်းမံဆောက်လုပ်နေသော ကျောင်းဆောင်ကို ကြည့်ရှုပြီး လိုအပ်သည်များ ပံ့ပိုးပေးသည်။

ဗဟိုအလုပ်အမှုဆောင်သည် မေ ၁၇ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာမြို့နယ်အသင်း အတွင်းရေးမှူးများက မိမိတို့မြို့နယ်အလိုက် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြရာ ဗဟိုအလုပ်အမှုဆောင်က လိုအပ်ချက်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဗဟိုအလုပ်အမှုဆောင်သည် ပေါင်မြို့နယ်နှင့် သထုံမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးများသို့ ရောက်ရှိပြီး မြို့နယ်အသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအားတွေ့ဆုံ၍ စည်းရုံးရေးကိစ္စတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

(သတင်းစဉ်)



ထိုင်းနိုင်ငံ၌ကျင်းပမည့် ကဆုန်လပြည့်(ဗုဒ္ဓနေ့)နှင့် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာညီလာခံသို့ တက်ရောက်ရန် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကောသရ ဦးဆောင်သော မြန်မာဗုဒ္ဓဘာသာ ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် မေ ၁၈

ထိုင်းနိုင်ငံ၌ မေ ၁၈ရက်မှ ၂၁ရက်အထိကျင်းပမည့် ကဆုန်လပြည့်(ဗုဒ္ဓနေ့)နှင့် အပြည်ပြည်ဆိုင်ရာဗုဒ္ဓဘာသာညီလာခံသို့တက်ရောက်ရန် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘဒ္ဒန္တကောသရဦးဆောင်သော မြန်မာဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြသည်။

အဆိုပါ မြန်မာဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့အား သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့တွင် ဆရာတော်ကိုးပါးနှင့် လူပုဂ္ဂိုလ်ခြောက်ဦးတို့ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

နိုင်ငံတော်ကချမှတ်ထားသော စီမံကိန်းကြီးသုံးရပ် အောင်မြင်ရေးအတွက် အမျိုးသားရေးတာဝန်အဖြစ် ခံယူ၍ ကြိုးကြိုးစားစားလုပ်ကိုင်ဆောင်ရွက်

ရန်ကုန် မေ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ယနေ့နံနက် ၈ နာရီတွင် ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းလမ်း အမှတ်(၂၄၅)ရှိ စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသော စည်ပင်သာယာရေးအဖွဲ့များ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်း ဒုတိယနေ့အစည်းအဝေးသို့ တက်ရောက်ပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ ပြည်နယ်၊ တိုင်းစည်ပင်သာယာရေးအဖွဲ့များမှ ညွှန်ကြားရေးမှူးများနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီးများ၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့များမှ အမှုဆောင်အရာရှိများနှင့် တာဝန်ခံအင်ဂျင်နီယာများ တက်ရောက်ကြသည်။

ဖတ်ကြားတင်ပြ

ရှေးဦးစွာ သုတေသနစာတမ်းများကို ဖတ်ကြားရာသောက်သုံးရေအားဓာတ်ခွဲစမ်းသပ်တွေ့ရှိမှု လေ့လာချက်စာတမ်းကို စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်) အင်ဂျင်နီယာဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးခန့်ဇော်က လည်းကောင်း၊ စက်သုံးဆီအစား အခြားအသုံးပြုနိုင်မည့် နည်းလမ်းများဖြင့် သောက်သုံးရေရရှိမှုစာတမ်းကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်စိုးက လည်းကောင်း၊ အောက်ခံမြေကြီး၏ခံနိုင်စွမ်းအားပေါ်မူတည်ပြီး အသုံးပြုလေ့ရှိသောအုတ်မြစ်များအပေါ်လေ့လာမှုစာတမ်းကို စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်) အင်ဂျင်နီယာဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်အောင်ငွေက လည်းကောင်း၊ နိုင်ငံတကာအဆင့်မီ မြို့ကြီးတစ်မြို့ တည်ဆောက်ရာတွင် မြို့ပြစီမံကိန်းဆိုင်ရာ အလေးထားဆောင်ရွက်ရမည့် စာတမ်းကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်းက လည်းကောင်း၊ မြို့ပြစီမံကိန်းအရ ရေဆိုးစွန့်ပစ်ခြင်းနှင့် သန့်စင်မှုဆိုင်ရာနည်းလမ်းများ စာတမ်းကို ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေက လည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ဖြည့်စွက်မှာကြား

ထို့နောက် စာတမ်းများအပေါ် ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဦးကျော်က ဆွေးနွေးပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက စာတမ်းတစ်ခုချင်းအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က ၂၀၀၅–၂၀၀၆ခု ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် စည်ပင်သာယာရေးလုပ်ငန်းဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်သည်။

အမှာစကားပြောကြား

ထို့နောက်ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာ၌ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းများကိုသုံးသပ်၍ လာမည့်နှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနသည် နိုင်ငံတော်ကချမှတ်ထားသော စီမံကိန်းသုံးရပ်ဖြစ်သည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး (၅)ရပ် စီမံကိန်း၊ အထူးဒေသကြီး ၂၄ ခု စီမံကိန်းတို့တွင် ပါဝင်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းကြီးသုံးရပ် အောင်မြင်ရေးအတွက်အမျိုးသားရေးတာဝန်အဖြစ် ခံယူ၍ ကြိုးကြိုးစားစား လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ကျေးလက်လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ခရိုင်ချင်းဆက်လမ်းများ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ကျရာကဏ္ဍက ကြိုးစားဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ကျေးလက်နေ ပြည်သူများ လူနေမှုဘဝမြင့်မားအောင် သစ်တောရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက် နေသော ကျေးလက်စံပြအိမ်ရာများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန် လိုကြောင်း၊ ဝန်ထမ်းတိုင်းဥပဒေစည်းမျဉ်း၊ စည်းကမ်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး ဥပဒေစည်းမျဉ်း၊ စည်းကမ်းဘောင်အတွင်းမှ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စည်ပင်သာယာရေး အဖွဲ့များအနေဖြင့်မိမိတို့လက်ရှိ တာဝန်ယူထားသည့် လုပ်ငန်းများကို ကြိုးကြိုးစားစားနှင့်အားသွန်ခွန်စိုက်လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူများနှင့် တစ်သားတည်းဖြစ်ရေးနှင့် လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် တစ်နှစ်ထက်တစ်နှစ် အရည်အသွေး ပြည့်ဝအောင် ဆောင်ရွက်သွားကြရန် မှာကြားပြီးအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကိုယ်ဝန်ဆောင်မိခင်မှ ကလေးသို့ အိပ်ချ်အိုင်ဗွီပိုး ကူးစက်မှုလျှော့ချရေးသင်တန်းဖွင့်

ရန်ကုန် မေ ၁၈

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ခုခံကျ/ကာလသား ရောဂါ တိုက်ဖျက်ရေးစီမံချက်၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)နှင့် ကမ္ဘာ့လူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) တို့ပူးပေါင်းဆောင်ရွက်သည့် ဆေးရုံအခြေပြု HIVရောဂါပိုးရှိသော ကိုယ်ဝန်ဆောင်မိခင်မှကလေးသို့ HIVပိုးကူးစက်မှုလျှော့ချရေးစီမံချက်၏ ဆရာဖြစ်သင်တန်း သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၁၆ ရက် နံနက်၉နာရီတွင် ရန်ကုန်မြို့ ကန်ပတ်လမ်းရှိ ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊အမျိုးသားခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက် စီမံချက်မန်နေဂျာ ဒေါက်တာမင်းသွယ်နှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့လူဦးရေရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှဌာနေကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ၊ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များနှင့် နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ သင်တန်းဆရာများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းသို့ ရန်ကုန်မြို့နှင့်မန္တလေးမြို့ ဗဟိုအမျိုးသမီးဆေးရုံကြီးများ၊မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီး၊မန္တလေး ခုတင်(၃၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၊ တောင်ကြီး၊ လားရှိုး၊ ပုသိမ်၊မကွေး၊တောင်ငူ ဆေးရုံကြီးတို့မှ ဆရာဝန်၅၈ဦး တက်ရောက်ကြသည်။ (သတင်းစဉ်)

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး လုပ်ငန်းများစစ်ဆေး

ရန်ကုန် မေ ၁၈

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန မန္တလေးတိုင်း ညွှန်ကြားရေးမှူး ဦးကျော်စိုးခိုင်သည် ဧပြီ ၂၉ရက်မှ ၃၀ရက်အထိ သက်ဆိုင်ရာ ခရိုင်/မြို့နယ်များမှ တာဝန်ခံများလိုက်ပါလျက် မန္တလေးတိုင်း ရမည်းသင်းခရိုင်အတွင်းရှိ ၂၀၀၅–၂၀၀၆ခုနှစ် ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး အထောက်အကူပြု တပ်ကုန်းမြို့နယ် လွှဘုံကြိုးဝိုင်း ရေဝေရေလဲစိုက်ခင်းဧက၈၃၀၊ ကျေးရွာသုံးထင်းစိုက်ခင်း ၃၁၅ဧက၊ အခြားစိုက်ခင်း ဧက၆၀၏ ကျင်းတူးပြီးစီးခြင်း၊ ကျင်းဖို့ခြင်းလုပ်ငန်းများ၊ ပျိုးဥယျာဉ်များကို ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်–မန္တလေး ကားလမ်းဘေးဝဲ/ယာ စိမ်းလန်းစိုပြည်ရေး၊ မြို့နှင့် ကျေးရွာချင်းဆက်လမ်းများ၌ သစ်ပင်စိုက်ပျိုးရေးအတွက် မြေပြုပြင်ခြင်းလုပ်ငန်းများကိုလည်း ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

မျိုးဆက်သစ်လူငယ်များ အားကစားတွင် စနစ်တကျပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် လူငယ်ဒိုင်လူကြီးများ ပေါ်ထွက်လာစေရေးလုပ်ရှားမှု အခမ်းအနားဖွင့်

ရန်ကုန် မေ ၁၈

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် မေ ၁၂ရက် နံနက် ၉နာရီတွင် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) (ကျိုက္ကဆံကွင်း) သင်တန်းခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်း၍ မျိုးဆက်သစ်လူငယ်များ အားကစားတွင် စနစ်တကျ ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် လူငယ်ဒိုင်လူကြီးများ ပေါ်ထွက်လာစေရေးအတွက် (Global Youth Hockey Marathon-Umpires) လှုပ်ရှားမှုအခမ်းအနားဖွင့်ပွဲသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်း၍ မျိုးဆက်သစ်လူငယ်များ အားကစားတွင် စနစ်တကျ ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် လူငယ်ဒိုင်လူကြီးများ ပေါ်ထွက်လာစေရေးအတွက်(Global Youth Hockey Marathon-Umpires) လှုပ်ရှားမှုအခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဦးကျော်ငွေသိန်းအား အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (ဟော်ကီအဖွဲ့ချုပ်)

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်တို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ဝန်ကြီး၊ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ်၏ (Global Youth Hockey Marathon - Umpires) လှုပ်ရှားမှု အစီအစဉ်အတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးသော အမှုဆောင် ကိုးဦးနှင့် FIH-DCC Panel Member ဦးကျော်နိုင်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ကြသည်။

ထို့နောက် လူငယ်ဟော်ကီအားကစားသမားများအား သုံးသင်းခွဲ၍ ဟော်ကီအားကစားကွင်း၌ သရုပ်ပြပွဲအဖြစ် ယှဉ်ပြိုင်ကစားကြရာ ယင်းပွဲတွင် လူငယ်ဒိုင်လူကြီးများက ဒိုင်အတွေ့အကြုံရရှိရေးအတွက် လက်တွေ့ဒိုင်လူကြီးများအဖြစ် တာဝန်ယူဆောင်ရွက်ကြသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၅-၂၀၀၅ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ဝါသနာရှင်စင်မြင့်
၇း၄၅	နိုင်ငံတကာ သတင်းအကျဉ်း
၇း၅၀	ယဉ်ကျေးမှုတက္ကသိုလ်
၈း၀၀	တေးဂီတအစီအစဉ်
၈း၀၅	အာဟာရပြည့်လျှင်ရောဂါစင် ပျော်ရွှင်ကျန်းမာစိတ်ချမ်းသာ
၈း၁၅	ပြည်တွင်းသတင်းအကျဉ်း
၈း၂၀	ဖီဖာကမ္ဘာ့ဖလား ၂၀၀၂
၈း၅၀	တေးဂီတအစီအစဉ်
၉း၀၅	မြန်မာ့ရင်းနှီးမြှုပ်နှံရေးနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်
၉း၁၀	မိုးလေဝသ ခန့်မှန်းချက်
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	ဖန်တီးသူတို့ အနုပညာ
၉း၄၀	တေးဂီတအစီအစဉ်
၉း၄၅	စစ်ကိုင်းတိုင်းပုထိုးလုံးတံတား
၉း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀	"ဒါ" ဖောရိန်းမိတ်တဲ့လားဗျာ
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး
၁၀း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	စီးပွားဖြစ် ကျောက်ပုစွန်မွေးမြူရေး
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄) နာရီစာ အစီအစဉ်များကို ည (၂၃း၀၀)နာရီအထိ (၄) ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မစိုးရိမ် ဆရာတော် ဘဒ္ဒန္တသုမနာဘိဝံသ ဘဝနတ်ထံ ပျံလွန်တော်မူ

ရန်ကုန် မေ ၁၈

နိုင်ငံတော်သြဝါဒါစရိယ မန္တလေးတိုင်း မန္တလေးခရိုင် မဟာအောင်မြေမြို့နယ် မစိုးရိမ်ကျောင်းတိုက် ပဓာနနာယက သက်တော်(၇၉)နှစ်၊ သိက္ခာတော် (၅၉)ဝါရှိ ဘဒ္ဒန္တသုမနာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်ဆရာတော်ကြီးသည် ၁၃၆၇ ခုနှစ် ကဆုန်လဆန်း ၉ရက်၊ မေ ၁၆ရက် (တနင်္လာနေ့) ညနေ ၄နာရီ ၁၈မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူပြီး ၁၃၆၇ခုနှစ် ကဆုန်လပြည့်ကျော် ၄ရက်၊ မေ ၂၆ရက် (ကြာသပတေးနေ့)တွင် အန္တိမဈာပနသဘင် ဆင်ယင် ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

မိုးထစ်ချုန်း ရွာဖွယ်ရာရှိ

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။

ရွာရန် ရာနှုန်း (၄၀) ဖြစ်သည်။

လွိုင်လင်ခရိုင် မိုင်းနောင် တပ်နယ်၌ ကျန်းမာရေးပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် မေ ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်ကျန်းမာရေးဦးစီးဌာနနှင့် လွိုင်လင်ခရိုင် မိုင်းနောင်တပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ကြီးမှူး၍ အေအိုင်ဒီအက်စ် ရောဂါကာကွယ်တားဆီးရေးစီမံချက်အရ ကျန်းမာရေးပညာပေးဟောပြောပွဲကို မေ ၁၁ရက် မွန်းလွဲ ၁နာရီတွင် မိုင်းနောင်တပ်နယ် အခြေခံပညာမူလတန်းကျောင်းခန်းမ၌ကျင်းပရာ မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းအေး၏ဇနီး၊ တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်မိသားစုဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ပေးအပ်

အခမ်းအနားတွင် ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစိုင်းခမ်းလှိုင်နှင့် ဆရာဝန်ကြီးများက အိပ်ချ်အိုင်ဗွီနှင့် အေအိုင်ဒီအက်စ်ရောဂါကာကွယ်တားဆီးရေးဆိုင်ရာ သိကောင်းစရာများ၊ ကာလသားရောဂါ၊ တီဘီရောဂါနှင့် အာဟာရအကြောင်းသိကောင်းစရာများကို အသီးသီး ရှင်းလင်းဟောပြောကြပြီး ဗိုလ်မှူးချုပ်သောင်းအေး၏ဇနီး ဒေါ်သင်းမျိုးမျိုးအောင်က ဆရာဝန်ကြီးများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဦးဝင်းထိန်မိသားစုက အလှူငွေ ကျပ်ခြောက်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း(၁၆/၂) ရပ်ကွက် သဃင်္န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့လှူဒါန်းရာ ဥက္ကဋ္ဌ ဦးအေးသန့်နှင့် ဒုတိယဥက္ကဋ္ဌ ဦးကျော်သူတို့ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

နိုင်ငံတော်သြဝါဒါစရိယ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်၊ ဂန္ထဓုရနယူပဒေသကျောင်းမှ ဆရာတော် ဘဒ္ဒန္တသုမနာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း



ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် မကွေးတိုင်း ပခုက္ကူမြို့ ခံတောရပ် ခမည်းတော် ဦးလူမင်း မယ်တော် ဒေါ်ငွေဆင့်တို့မှ ၁၂၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ရက် (သောကြာနေ့)၌ ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော် လောင်းလျာသည် ၁၃နှစ်သားအရွယ် ၁၃၀၁ ခုနှစ် တန်ခူးလ၌ ပခုက္ကူမြို့ လယ်ပြင်တိုက် အနောက်ကျောင်း ဆရာတော် ဘဒ္ဒန္တပညာသီဟကိုဥပဇ္ဈာယ်ပြု၍ ပခုက္ကူမြို့ ခံတောပိုးတန်းရပ် ဒေါ်လုံးတင်၏ ပစ္စယာနုဂ္ဂဟကို ခံယူတော်မူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ၁၃၀၈ ခုနှစ် နယုန်လဆန်း ၆ ရက်နေ့၌ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူတော်မူကာ လယ်ပြင်တိုက် အနောက်ကျောင်း ခဏ္ဍသိမ်တော်၌ လယ်ပြင်တိုက် ဆရာတော်ကြီးကိုပင် ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူပါသည်။

ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ပခုက္ကူမြို့ လယ်ပြင်တိုက် အနောက်ကျောင်း ဆရာတော် ဘဒ္ဒန္တပညာသီဟ၊ ပြင်ဦးလွင်မြို့ ဝက်ဝံဆရာတော် ဘဒ္ဒန္တမိဇောတ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် ဘဒ္ဒန္တပညာ၊ ဘဒ္ဒန္တမာဂိန္ဒ၊ ဘဒ္ဒန္တနန္ဒိယ၊မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီးအမှူးရှိသော နာယကဆရာတော်များနှင့် မာဂဓနယူပဒေသကျောင်း အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာရဒါဘိဝံသတို့ထံ၌ ပိဋကတ်ကျမ်းစာအဖြာဖြာတို့ကို သင်ယူဆည်းပူးတော်မူခဲ့ပြီး အစိုးရဓမ္မာစရိယနှင့် သကျသီဟစာသင်တန်း၊ စာချတန်းတို့ကို အောင်မြင်၍ သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့၊ ပရိယတ္တိသာသနဟိတဓမ္မာ စရိယဘွဲ့တို့ကို ရရှိတော်မူခဲ့ပါသည်။

စာပေပို့ချခြင်းနှင့် သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် မန္တလေးမြို့ ဝေယံဘုံသာ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ရန်ကုန်မြို့ ဘုရားလမ်း ကျားကူးကျောင်းတိုက်၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်တို့၌ တပည့်၊ ရဟန်း၊ သာမဏေတို့အား ပိဋကတ်ကျမ်းစာ၊ နေ့၊ ညတို့ကို ပို့ချတော်မူလျက် တိပိဋက ပါဠိမြန်မာအဘိဓာန်ကျမ်း၊ တိပိဋက ပါဠိပဒကျမ်းညွှန်းတို့ကို မစိုးရိမ် အဘိဓာန်အဖွဲ့ဝင် နာယကဆရာတော်များနှင့်အတူ ရေးသားပြုစုတော်မူ၍လည်းကောင်း၊ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ်၊ သံဃနာယကဥက္ကဋ္ဌ၊ သံဃာ့သမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ်၊ နိုင်ငံတော်သြဝါဒါစရိယအဖြစ် တို့ဖြင့်လည်းကောင်း သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါ သည်။

ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူသည့် လဇ္ဇီပေသလ သိက္ခာကာမ ပရိယတ္တိဝိသာရဒ စသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော် ဘဒ္ဒန္တသုမနာဘိဝံသအား ၁၃၅၁ ခုနှစ်၊ ၁၉၉၀ ပြည့်နှစ်တို့တွင် နိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော်(၇၉)နှစ်၊ သိက္ခာတော် (၅၉)ဝါအရ ၁၃၆၇ခုနှစ်၊ ကဆုန်လဆန်း (၉)ရက် ၂၀၀၅ခုနှစ်၊ မေ ၁၆ရက် (တနင်္လာနေ့) ညနေ ၄နာရီ ၁၈မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူပြီး ၁၃၆၇ခုနှစ်၊ ကဆုန်လပြည့်ကျော် (၄)ရက်၊ ၂၆-၅-၂၀၀၅ (ကြာသပတေးနေ့)တွင် အန္တိမဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် မေ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မေ ၁၇ ရက် နံနက် ၆ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ မြို့တော်ဂေါက်ကွင်း (ငွေသော်တာကွင်း)၌ ကစားဖော်များဖြစ်ကြသော ဦးအောင်နိုင် (Asia Winner Industrial Co.Ltd.)နှင့် ဦးအင်းယား (Top ဆပ်ပြာမှုန့်) တို့နှင့်အတူ ဂေါက်သီးရိုက်ကစားကြစဉ် ကျင်းအမှတ် (၅) တွင် Srixon - 3 (UR-X) ဘောလုံးကို Srixon (XX-10) Iron-6 တုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၄ ကိုက် အကွာအဝေး၌ရှိသော ကျင်းထဲသို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

(ကြေးမုံ)

News.P65 11 19/5/05, 12:28 am

တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် လွိုင်လင်ခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး

ရန်ကုန် မေ ၁၈

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းအေးနှင့်တာဝန်ရှိသူများလိုက်ပါလျက် မေ ၉ ရက် နံနက် ၁၀ နာရီက မိုင်းနောင်မြို့ မင်္ဂလာရန်အောင်ပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိပြီး ဆရာတော်သီဟနာဒါလင်္ကာရ (မဟာဝိဇ္ဇာ၊ သီဟိုဠ်)အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တိုင်းမှူးသည် မွန်းလွဲ ၁နာရီတွင် မိုင်းနောင်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး အဆိုပါရုံး၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အကျယ်တဝင့် ရှင်းလင်းမှာကြား၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

တွေ့ဆုံ

မေ ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် တိုင်းမှူးသည် လဲချားမြို့သို့ ရောက်ရှိပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်မှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိ မြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ဖြည့်ဆည်းပေး

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနအလိုက်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးထင်ကျော်က မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် ပင်လုံမြို့နယ်ရောက်ရှိပြီး ပင်လုံတက္ကသိုလ် အမျိုးသား အိပ်ဆောင် ဆောက်လုပ်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျောက်ခဲနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ထို့မှတစ်ဆင့် တိုင်းမှူးသည် ပင်လုံမြို့ရှိ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ တိုင်းမှူးအား တာဝန်ခံအင်ဂျင်နီယာ ဦးတင့်လွင်က စေတီတော်တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

လူငယ်ယဉ်ကျေးမှု သင်တန်းဖွင့်မည်

ရန်ကုန် မေ ၁၈

လူငယ်များအတွက် ထေရဝါဒဗုဒ္ဓအဆုံးအမနှင့်အညီ ဘဝနေနည်း အတွေးသစ် အမြင်သစ်များ မှန်ကန်တိုးတက်ပြီး ကိုယ်ကျင့်တရားကောင်းများ မွေးမြူကျင့်ကြံတတ်စေရန် ရည်ရွယ်၍ လူငယ်ယဉ်ကျေးမှုသင်တန်းကို မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ လူမှုဆက်ဆံရေး၊ကျန်းမာရေး၊ဆင်ယင်ထုံးဖွဲ့မှုစသော ဘာသာရပ်များဖြင့် အဓိကထား ပို့ချပေးမည်ဖြစ်သည်။

သင်တန်းကို ဇွန် ၁၃ရက်မှ ၂၄ရက်အထိ နံနက် ၈နာရီမှ ၁၁နာရီအတွင်း ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ် ရှင်သာမဏေဓမ္မဗိမာန်၌ ဖွင့်လှစ်မည်ဖြစ်ပြီး အသက်(၁၅)နှစ်မှ (၂၇)နှစ်အတွင်းရှိ သင်တန်းသားများကိုသာ လက်ခံမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည် ဇွန် ၁ရက်မှစ၍ လျှောက်ထားနိုင်ကြောင်းနှင့် သင်တန်းသားဦးရေ ကန့်သတ်ထား၍ ဖုန်း- ၃၈၇၃၆၁သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

ခရီးသွားလုပ်ငန်းသင်တန်း ဆရာ၊ ဆရာမများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် မေ ၁၈

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် ရန်ကုန်တက္ကသိုလ်တို့က ဖွင့်လှစ်ခဲ့သော Course On Travel Industry သင်တန်းတွင် သင်ကြားပို့ချခဲ့သည့် ဆရာ၊ ဆရာမများနှင့် ပညာရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို မေ ၁၆ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ Hotel Nikko Royal Lake Yangon ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ တက်ရောက်၍ ဂုဏ်ပြုကျေးဇူးတင်စကားပြောကြားသည်။ (အပေါ်ပုံ)

ဆက်လက်၍ သင်တန်းသားများကိုယ်စား ရှေးဟောင်းသုတေသနဌာနမှ ပါမောက္ခဦးစံရွှေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင် အဖွဲ့ဝင် ဦးမောင်မောင်ဆွေက ခရီးသွားလုပ်ငန်းဆိုင်ရာ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားကာ အခမ်းအနား ပထမပိုင်း အစီအစဉ်များကို ခေတ္တရပ်နားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် Course On Travel Industry သင်တန်းကို ဒီပလိုမာသင်တန်းအဖြစ် ဆက်လက် ဖွင့်လှစ်နိုင်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ကြမည့် အစီအစဉ်များ ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက သင်တန်းအတွက် လိုအပ်ချက်များ ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်ရေးကို လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခဒေါ်ခင်ဆွေမြင့်က ခရီးသွားလုပ်ငန်းဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားပို့ချမှုများ ခွဲဝေပေးရေးတို့ကိုလည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးနိုင်ဘွားက ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်ရာတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ကြောင်းကိုလည်းကောင်း၊ သမိုင်းအဖွဲ့ အဖွဲ့ဝင် ပါမောက္ခဒေါက်တာခင်မောင်ညွန့်က ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတွင် Tourism English ဘာသာရပ်ကိုပါ သင်ကြားပို့ချပေးနိုင်ရေးကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

မှာကြား

ယင်းနောက် တက်ရောက်လာကြသူများက ခရီးသွားလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ပေးရန် လိုအပ်မည့်အချက်အလက်များနှင့် အကြံပြုချက်များကို ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။ (သတင်းစဉ်)

ပေးအပ်

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃ လမ်း မှတ်တိုင်အနီး)တွင် အမှတ်(၁၁၉) ကမ္ဘာအေးစေတီလမ်း ရွှေတောင်ကြား(၁) ဗဟန်းမြို့နယ်နေ ဦးတင်ထွဋ်၊ ဒေါ်မာမာရှိန်မိသားစုက ငွေကျပ်သုံးသိန်းကို ဦးစိုးနိုင် တွဲဖက်ဘဏ္ဍာရေးမှူးသို့ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကျန်စစ်မင်းဇာတ်ကား လာမည့်သောကြာရုံတင်မည်

ရန်ကုန် မေ ၁၈

လာမည့်သောကြာနေ့တွင် ဇေရက်ရုပ်ရှင်ထုတ်လုပ်ဖြန့်ချိရေးမှ ဦးသိန်းလှိုင် (ဘီအေ) ဇာတ်လမ်းပြုစုပြီး မြင့်ဦးဦးမြင့် ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ လူမင်းရိုက်ကူးသည့် ကျန်စစ်မင်းဇာတ်ကား ရုံတင်ပြသမည်ဖြစ်သည်။ ညွှန့်ဝင်း၊ လူမင်း၊ မေသန်းနု၊ ထက်ထက်မိုးဦး၊ ပန်းဖြူ၊ စိုးမြတ်နန္ဒာနှင့် လှိုင်ဖြူဖြူထွဏ်းတို့ သရုပ်ဆောင်ထားကြသည်။ မြန်မာရုပ်ရှင်များတွင် အများဆုံး အားနည်းချက်ဖြစ်သည့် အသံစနစ်အပါအဝင်ဘက်ပေါင်းစုံမှ အထူးပီပြင်စွာ ရိုက်ကူးတည်းဖြတ်ထားသည့် သမိုင်းနောက်ခံမြန်မာဇာတ်ကားဖြစ်သည်။

(ကြေးမုံ)



လျှို့ဝှက်သောနှင်းနှင့် အကယ်ဒမီပြုံးချိုကြီး ဇာတ်ကားများ ဆက်လက်ပြသ

ရုပ်ရှင်

ရန်ကုန် မေ ၁၈

ယခု သောကြာပတ်တွင် မြန်မာဇာတ်ကားသစ်များ ရုံတင်ခြင်းမရှိဘဲ ပြသဆဲဇာတ်ကားများ ဖြစ်သည့် **လျှို့ဝှက်သောနှင်း** ဇာတ်ကားနှင့် **အကယ်ဒမီပြုံးချိုကြီး** ဇာတ်ကားများသာ ဆက်လက်ပြသနေသည်။

လျှို့ဝှက်သောနှင်း

သမ္မတအဆင့်မြင့်ရှင်ရုံတွင် စင်ရော်ရုပ်ရှင်ထုတ်လုပ်ရေးမှ အကယ်ဒမီ စင်ရော်မောင်မောင် ခံစားတင်ပြသည့် **လျှို့ဝှက်သောနှင်း** ဇာတ်ကားတင်ဆက်ပြသနေသည်။

"လျှို့ဝှက်သောနှင်း" ဇာတ်ကားမှ အကယ်ဒမီ လွင်မိုး၊ အကယ်ဒမီ လူမင်းနှင့် အကယ်ဒမီညွှန့်ဝင်း။

အကယ်ဒမီရ နာမည်ကြီးသရုပ်ဆောင်များဖြစ်သည့် အကယ်ဒမီ လွင်မိုး၊ အကယ်ဒမီလူမင်း၊ အကယ်ဒမီ ညွှန့်ဝင်း၊ အကယ်ဒမီထွန်းထွန်းဝင်း၊ အကယ်ဒမီ စိုးမြတ်နန္ဒာ၊ နီလာအောင်အောင်နှင့် အကယ်ဒမီမြင့်မြင့်ခိုင်တို့၏ ပီပြင်သောသရုပ်ဆောင်မှုများနှင့်အတူ ရေခဲတောင်နောက်ခံပြုရှုခင်းများကို ရှုစားကြရမည့် ဇာတ်ကား တစ်ကား ဖြစ်သည်။

ရွှေ့ဆောင်ရုပ်ရှင်ရုံနှင့် နဝဒေးရုပ်ရှင်ဥယျာဉ်တွင် ရဲကျော်သူရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ် ဖြန့်ချိရေးမှ ကိုမြတ်စိုး၊ ရဲကျော်သူ စီစဉ်ထုတ်လုပ်သော ဇာတ်ညွှန်းနှင့် ဒါရိုက်တာခင်မောင်ဦး စိုးသိမ်းထွဋ်တို့ ရေးသားရိုက်ကူးသည့် **အကယ်ဒမီပြုံးချိုကြီး** ဇာတ်ကား ပြသနေသည်။ မိုးဒီ၊ မော့စ်၊ မင်းသူ၊ ဆုပန်ထွာ၊ ပပဝင်းခင်နှင့် ကလေးသရုပ်ဆောင် ဆုမေတို့နှင့်အတူ သရုပ်ဆောင်များစွာ ပါဝင်ထားကြပြီး ဟာသသရုပ်ဆောင်များက ဘဝသရုပ်ဖော်ဇာတ်လမ်းကို ပီပြင်စွာ စုပေါင်းသရုပ်ဆောင်ထားသည့် ဇာတ်ကားတစ်ကားဖြစ်သည်။

"အကယ်ဒမီပြုံးချိုကြီး" ဇာတ်ကားမှ မိုးဒီနှင့် ပွင့်တို့၏ သရုပ်ဆောင်ဟန်။

သွင်အဆင့်မြင့် ရုပ်ရှင်ရုံတွင် ဒါရိုက်တာ Paul W.Sanderson ရိုက်ကူးသည့် Alien Vs. Predator ဇာတ်ကားပြသနေသည်။

မင်္ဂလာအဆင့်မြင့် ရုပ်ရှင်ရုံတွင် ဒါရိုက်တာ Jon Turteltaub ရိုက်ကူးသည့် National Treasure ဇာတ်ကား ပြသသည်။ ၎င်းဇာတ်ကားတွင် နာမည်ကြီးသရုပ်ဆောင် Nicolas Cage ဦးဆောင်ပါဝင်ထား၍ ပရိသတ်အကြိုက်တွေ့မည့် နိုင်ငံခြားဇာတ်ကား တစ်ကားဖြစ်သည်။

နေပြည်တော်အဆင့်မြင့်ရုပ်ရှင်ရုံတွင် ဒါရိုက်တာ Oliver Stone ရိုက်ကူးသည့် The Legend Of Alexander ဇာတ်ကားပြသနေသည်။ Colin Farrellနှင့် Angelina Jolie တို့ခေါင်းဆောင်ပါဝင်ထားကြသည်။ (ကြေးမုံ)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား ပူဇော်မည်

ပဲခူး မေ ၁၆

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း ခံရသည့် ပဲခူးမြို့မှ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး နှစ်ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး တစ်ပါး၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါး၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးလေးပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးတစ်ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးသုံးပါးနှင့် သီလရှင်ဆရာကြီး တစ်ပါးတို့အား ပဲခူးအသင်း(ရန်ကုန်) မိသားစုက ဇွန် ၅ ရက် မွန်းလွဲ ၁ နာရီတွင် ပဲခူးဈေးကြီး ဆန်လှူအသင်း သွန်းတော်မူဘုရား အရှေ့ဘက်ဝင်း၌ ပူဇော်ကြမည်ဖြစ်သည်။

လှူဒါန်းလိုသူများ ဦးညွန့်ဇော် ဥက္ကဋ္ဌဖုန်း ၀၁-၅၃၆၄၆၄၊ ဦးအေးမောင် ဒု-ဥက္ကဋ္ဌ ဖုန်း ၀၁-၅၁၁၈၀၉၊ ဦးဟန်ကြူ ဒု-ဥက္ကဋ္ဌ ဖုန်း ၀၅၂-၂၂၅၀၉၊ ဦးဝင်းမြင့် အတွင်းရေးမှူး ဖုန်း ၀၁-၅၈၀၀၃၂၊ ရုံးဖုန်း၀၁-၂၉၂၅၃၆နှင့် ပဲခူးအသင်း (ရန်ကုန်) ၀၁-၃၇၈၃၀၅ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

လှိုင်လင်ခရိုင် အမြန်ချောပို့လုပ်ငန်းဖွင့်ပွဲကို မတ် ၁ရက်က လှိုင်လင်မြို့ မြန်မာ့ဆက်သွယ်ရေးစခန်း(စာတိုက်) ဝင်းအတွင်း၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းတင့်နှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်နယ်လက်ထောက်မန်နေဂျာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (ဆက်သွယ်ရေး)

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် ချမ်းအေးသာစံမြို့နယ်အတွင်း ၈၈ လမ်းနှင့် သင်္ဂဇာချောင်းအထိ ၃၅ လမ်းတစ်လျှောက် စက်ယန္တရားဖြင့် မြောင်းဆယ်ယူနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရေနုတ်မြောင်းဆယ်ယူ၊ မြေထိန်းနံရံပြုပြင် စည်ပင်လုပ်ငန်းများ မန္တလေးမြို့တော်ဝန် စစ်ဆေး

မန္တလေး မေ ၁၈

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်ပု၊ ကော်မတီဝင် ဒုတိယဗိုလ်မှူးကြီးကျော်ဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၄ ရက် နံနက် ၉ နာရီခွဲက ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ်အနောက်နှင့် ဒေးဝန်းအနောက်ရပ်ကွက်အတွင်း ၃၅ လမ်းတစ်လျှောက် ရေနုတ်မြောင်းဆယ်ယူခြင်းလုပ်ငန်း၊ ၈၆ လမ်း ရွှေတချောင်းမြောင်း ကျောက်ရိုးစီမြေထိန်းနံရံ ပြုပြင်ခြင်းလုပ်ငန်းနှင့် သင်္ဂဇာချောင်းအဝင် ရေကြည်မြောင်း ရေသန့်စင်ရေးအတွက် ရေဆိုးစစ်ကန်အဆင့်ဆင့် တူးဖော်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် ၃၅ လမ်းနှင့် ၈၈ လမ်းဆုံသို့ရောက်ရှိပြီး ပြည်ကြီးပျော်ဘွယ်ရပ်ကွက်နှင့် ဒေးဝန်းအနောက်ရပ်ကွက်များအတွင်း ၃၂ လမ်းနှင့် ၃၄ လမ်းအကြား ၈၉ လမ်း ရေနုတ်မြောင်းအား လည်းကောင်း၊ ၈၈ လမ်းနှင့်သင်္ဂဇာချောင်းအထိ ၃၅ လမ်းတစ်လျှောက် ရေနုတ်မြောင်းအားလည်းကောင်း၊ စက်ယန္တရားအား၊ မြောင်းဆယ်ဝန်ထမ်းအင်အားတို့ဖြင့် မြောင်းစာနှင့် အမှိုက်သရိုက် အညစ်အကြေးများကို ဆယ်ယူရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ကိုင်းတန်းဈေး အနီး ၈၆ လမ်းရှိ ရွှေတချောင်းမြောင်းသို့ ရောက်ရှိပြီး ၂၈ လမ်းနှင့် ၂၉ လမ်းအကြား ရွှေတချောင်းမြောင်းအတွင်း ပျက်စီးနေသော ကျောက်ရိုးစီမြေထိန်းနံရံများ ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ခံ အင်ဂျင်နီယာများနှင့် တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် သီရိမာလာ အနောက်ရပ်ကွက်ရှိ သင်္ဂဇာ ချောင်းသို့ရောက်ရှိပြီး သင်္ဂဇာချောင်းအဝင် ရေကြည်မြောင်း ရေသန့်စင်ရေးအတွက် ရေဆိုးစစ်ကန် အဆင့်ဆင့် တူးဖော် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(၄၆၉)**

ကျေးလက်ရေပေးရေး ကွင်းဆင်းစစ်ဆေး

လယ်ဝေး မေ ၁၀

၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် လယ်ဝေးမြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ ကျေးလက်ရေပေးရေး တာဝန်ယူဆောင်ရွက်ရမည့် ပြောင်းရွှေ့ရွာသစ်များဖြစ်ကြသော (ဇေယျာသိမ်၊ ရန်ကင်း၊ ရေလည်ကွေ့) ကျေးရွာများတွင် တွင်းတိမ် လက်နှိပ်တုံကင်တွင်းများ စတင်တူးဖော် ဆောင်ရွက်လျက်ရှိရာ ပြီးစီးမှုအခြေအနေအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းဇော်ချစ် မေ ၅ ရက်က ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့သည်။ **(နယ်စပ်စည်ပင်)**

ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်

ပဲခူးတိုင်း (အနောက်ပိုင်း) ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အများပြည်သူသောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ မေ ၁၁ ရက်က လှေဆိုင်ချောင်းရေကို ရေစုပ်စက်နှစ်ဆင့်ဖြင့် စည်ပင်သာယာပိုင် အများပြည်သူ သောက်သုံးရေကန်အတွင်းသို့ ရေဖြည့်သွင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးအောင်ကြိုင်နှင့် ဝန်ထမ်းများက ဆောင်ရွက်စဉ်။

(၄၉၇)

ဖေ့ဖော်ဝါရီ ~~~

ဧပြီ ၂၇ ရက်က သာကေတမြို့နယ် အမက-၃၅ တွင် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ စတုတ္ထတန်း(က)မှ မောင်ဉာဏ်လင်းဝေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဝင်းက သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်စဉ်။ (က-ပ)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လမ်း၊ တံတားလုပ်ငန်းများဆောင်ရွက်

မြစ်ကြီးနား မေ ၅

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ချောမွေ့စေရန် အလေးထား ဆောင်ရွက်လျက်ရှိရာ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် ဝက်ကုန်း-မံဖာကျေးလက် ကျောက်ချောလမ်းအရှည်ပေ ၄၀၇၀၊ အကျယ် ၁၂ ပေ၊ ၎င်းလမ်းပေါ်ရှိ သစ်သားတံတား အရှည်ပေ ၁၂၀၊ အကျယ် ၁၂ ပေအား ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအောင်ငွေက ကွင်းဆင်းစစ်ဆေးခဲ့သည်။

အလားတူ ဒေါ့ဖုန်းယန်မြို့ စည်ပင်သာယာရေးအဖွဲ့သည် သိန်းလုံ-တာဆိုင်း ကျေးရွာချင်းဆက် မြေသားလမ်းအရှည် ၂ မိုင် ၆ ဖာလုံ ဖောက်လုပ်လျက်ရှိရာ ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ဆက်လက်၍ မိုးမောက်မြို့နယ် မြို့သစ်အထက်တန်းကျောင်းအဝင်လမ်း အရှည်ပေ ၁၂၀၀၊ အကျယ် ၁၂ ပေကို ကျောက်ချောလမ်းခင်းကျင်းပြီးစီးမှု ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့သည်။ **(နယ်စပ်စည်ပင်)**

မေ ၂ ရက်က သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်စက်ယန္တရားများဖြင့် မြို့မဈေးကြီးဘေး ရေနုတ်မြောင်း ဆယ်ခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဇီဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတည်ဆောက်မှုစစ်ဆေး

နွားထိုးကြီး မေ ၆

မြို့နယ်အတွင်းရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ကူညီပံ့ပိုးမှု၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာများတွင် ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံများ တည်ဆောက်လျက်ရှိရာ မေ ၆ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေသည် ကဒေါင်းကျေးရွာအုပ်စု ငှက်ပျောအိုင်ကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်နေမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးရာ စက်ရုံတာဝန်ခံများ ဖြစ်ကြသော ကျောက်ဆည် နည်းပညာကောလိပ်မှ လက်ထောက်ကထိက ဦးကျော်ကျော်နှင့် ဦးဉာဏ်လင်းထက်၊ ကျေးရွာဥက္ကဋ္ဌ ဦးအောင်နိုင်ဦးနှင့် ကျေးရွာ လျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးဘိုကြည်တို့က မြို့နယ်ဥက္ကဋ္ဌအား အစာဖျော်ကန်၊ အစာစွန့်ပစ်ကန်၊ ဓာတ်ငွေ့သိုလှောင်ကန်နှင့် စက်ရုံအဆောက်အအုံ တည်ဆောက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြကြသည်။ **(၉၄)**

မြို့နယ် သတင်းများ

မြို့နယ်လူဦးရေ၏ ၁၀ရာခိုင်နှုန်း ရာသက်ပန်အသင်းဝင်ဖြစ်ရေးဆောင်ရွက် ရပ်ကွက်နှင့်ကျေးရွာတိုင်း၌ အသင်းခွဲများဖြစ်အောင် တိုးမြှင့်စည်းရုံး

ရန်ကုန် မေ ၁၈

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် ရန်ကုန်မြို့ ဘဏ်လမ်းရှိ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ စစ်ဒေသမှူးများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရန် ဘက်စုံထောင့်စုံမှ ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီးသည် အသိစိတ်ဓာတ်မှန်ကန်စွာဖြင့် အရေးပါသော အခန်းကဏ္ဍမှ နိုင်ငံတော်အတွင်း ပျံ့နှံ့ဆောင်ရွက်လျက်ရှိသော လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း။

အသင်းကြီးအနေဖြင့် ပညာရေးဆိုင်ရာ စောင့်ရှောက်ရေးအဖွဲ့၊ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်ရေးအဖွဲ့၊ စီးပွားရေးဆိုင်ရာစောင့်ရှောက်ရေးအဖွဲ့၊ လူမှုရေးဆိုင်ရာ စောင့်ရှောက်ရေးအဖွဲ့ ဆိုသည့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပြီး မိခင်နှင့်ကလေးများ၏ ကျန်းမာကြံ့ခိုင်ရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ မိသားစုဘဝလုံခြုံရေးနှင့် လူမှုရေးဘက်စုံဖွံ့ဖြိုးရေး လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရှိရကြောင်း၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များ အနေဖြင့်လည်း အသင်းကြီးက ချမှတ်သော

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ၂၀၀၄ခုနှစ် နှစ်ပတ်လည် ထူးချွန်ဆုချီးမြှင့်ပွဲတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ဘက်စုံလှုပ်ရှားမှု ထူးချွန်ဆုရရှိသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။ (ရ-က-တ)

စစ်ကိုင်း–ရွှေဘိုလမ်းနှင့် စစ်ကိုင်း–မုံရွာလမ်းများ စိမ်းလန်းစိုပြည်ရေး သစ်ပင်များ စိုက်ပျိုးနေ

ရန်ကုန် မေ ၁၈

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၁၇ရက် နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ ကောင်းမှုတော်ပျိုးဥယျာဉ်ရှိ ရှင်းလင်းဆောင်သို့ရောက်ရှိလာရာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းက စစ်ကိုင်းတိုင်းအတွင်း စစ်ကိုင်း–မုံရွာလမ်းနှင့် စစ်ကိုင်း–ရွှေဘိုလမ်း ဝဲ/ယာ၌ သစ်ပင်များ စိုက်ပျိုးထားရှိမှု၊ သက်ရင့်သစ်ပင်ကြီးများ ရှင်သန်မှုနှင့် ထပ်မံစိုက်ပျိုးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ စစ်ကိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ထို့နောက်ဝန်ကြီးသည် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ပဲကတိုးပျိုးဥယျာဉ်

ထိုမှတစ်ဆင့် ဝန်ကြီးသည် စစ်ကိုင်းမြို့နယ် ပဲကတိုးပျိုးဥယျာဉ်သို့ ရောက်ရှိပြီး ပျိုးပင်များ ပျိုးထောင်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ စစ်ကိုင်း–မုံရွာလမ်း မိုင်တိုင်အမှတ် ၀/၂၃ ၌ သစ်ပင်များစိုက်ပျိုးရန် ပြင်ဆင်ထားရှိမှု အခြေအနေကိုလည်းကောင်း၊ မိုင်တိုင်အမှတ် ၆/၃၁–၃/၅၆၌ လမ်းဘေး ဝဲ/ယာ ကွက်လပ်ဖြည့် စိုက်ပျိုးရန် ပြင်ဆင်ထားရှိမှု အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ချောင်းဦးမြို့နယ် ရေပိုးစားပျိုးဥယျာဉ် ရှင်းလင်းဆောင်၌ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီးနှင့်အဖွဲ့အား ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းက လာမည့်မိုးရာသီကာလတွင် သစ်ပင်စိုက်ပျိုးရေးအတွက် မြို့နယ်အလိုက် တာဝန်ယူဆောင်ရွက်ရမည့်တည်နေရာ၊ ၁၉၉၄–၁၉၉၅မှ ၂၀၀၄–၂၀၀၅ခုနှစ်အထိ စိုက်ပျိုးထားရှိမှု/ရှင်သန်မှု၊ ကွက်လပ်ဖြည့်စိုက်ပျိုးရေးတို့အတွက် ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❍

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် စစ်ကိုင်း–မုံရွာ ကားလမ်းဘေး ကွက်လပ်ဖြည့်စိုက်ခင်း ပြင်ဆင်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တောရေးရာ)

ထူးခြားသည့်နေ့အပူချိန်များ

(၁၈–၅–၂၀၀၅)

မကွေး
၄၅ ဒီဂရီစင်တီဂရိတ်
(၁၁၃ ဒီဂရီဖာရင်ဟိုက်)

မင်းဘူး
၄၄ ဒီဂရီစင်တီဂရိတ်
(၁၁၁ ဒီဂရီဖာရင်ဟိုက်)

အောင်လံနှင့် မိတ္ထီလာ
၄၃ ဒီဂရီစင်တီဂရိတ်
(၁၀၉ ဒီဂရီဖာရင်ဟိုက်)

ကြေးမုံ The Mirror

ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

- *စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေးအကျိုးပြု ရေအရင်းအမြစ်များ အကျိုးရှိရှိအသုံးပြုဆောင်ရွက်။*
  ခေါင်းကြီး (စာမျက်နှာ–၂)

- *၁၉၅၅ ခုနှစ် အာရှ–အာဖရိက ဘန်ဒေါင်းကွန်ဖရင့်သည် အနှစ် ၅၀ ကြာသည့်တိုင်အောင် ရှင်သန်အကျိုးသက်ရောက်နေသကဲ့သို့ ၂၀၀၅ ခုနှစ် အာရှ–အာဖရိက ထိပ်သီးညီလာခံသည် အာရှ–အာဖရိက ဒေသနှစ်ခုအကြား အပြန်အလှန်နားလည်မှု၊ ချစ်ကြည် ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်အောင် အားပေးအထောက်အကူပြုနိုင်မှာ ဖြစ်သည်။*
  ဦးဇော်၏ **"ဘန်ဒေါင်းစိတ်ဓာတ်အရင်းခံ၍ အာရှ–အာဖရိက ပူးပေါင်းဆောင်ရွက်ရေး"** ဆောင်းပါး (စာမျက်နှာ–၆)